The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 30 April 2025 ၁၁၈၀၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဲခူးမြစ်ကူးတံတားကြီး သုံးစင်းတွင် သန်လျင်တံတားအမှတ်(၃)သည် ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုတွင် အဓိကအထောက်အပံ့ပြုလျက်ရှိ


ရန်ကုန် ဧပြီ ၂၉

နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုသည် အထူးအရေးပါလျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၌ သန်လျင်သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့သို့ ဆက်သွယ်ထားသည့် သန်လျင်တံတားအမှတ်(၃)သည် ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်စည်စီးဆင်းမှုအတွက် အဓိက အထောက်အပံ့ပြုလျက်ရှိကြောင်း သိရသည်။

**ကုန်စည်များမြန်ဆန်ချောမွေ့စွာပို့ဆောင်**

ရန်ကုန်မြို့နှင့်သန်လျင်မြို့ကို ပဲခူးမြစ်ကြီးက ပိုင်းခြားထားပြီး ကုန်စည်စီးဆင်းမှုနှင့် ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ကနဦးတွင် သန်လျင်တံတားအမှတ်(၁)ကို တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့နှင့် သန်လျင်မြို့တို့၏ ခရီးသွားလာမှုနှင့် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်စီးဆင်းမှုကို အထောက်အကူပြုခဲ့သော်လည်း နေ့စဉ် အဆိုပါတံတားပေါ်၌ ယာဉ်ကြောပိတ်ဆို့မှုကြောင့် သန်လျင်တံတားအမှတ်(၁)နှင့်ကပ်လျက် သန်လျင်တံတားအမှတ်(၃) ကို တည်ဆောက်ပေးခဲ့ရာ ခရီးသွားလာမှုနှင့် ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့ခဲ့သည့်အပြင် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်များ ရန်ကုန်ဆိပ်ကမ်းသို့ မြန်ဆန်ချောမွေ့စွာ ပို့ဆောင်နိုင်ခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



သန်လျင်တံတားအမှတ်(၃) မှ ယာဉ်များဖြတ်သန်းသွားလာလျက်ရှိသည်ကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည် စာမျက်နှာ » ၂

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာ ထုတ်ပြန်ခြင်း စာမျက်နှာ » ၅

ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး စာမျက်နှာ » ၉

ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ



စာမျက်နှာ » ၁၁

ကြေးမုံ

# ကူညီကယ်ဆယ်မှုမှတ်တမ်းတင်ဂုဏ်ပြု ပါဝင်သူအားလုံးကို အထူးကျေးဇူးတင်

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အင်အားပြင်းလှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသအသီးသီးတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း၊ ပြည်ပမှ ကူညီကယ်ဆယ်စောင့်ရှောက်သူများက အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ဆေးဝါးများကို စဉ်ဆက်မပြတ် ကူညီပေးလျက်ရှိသဖြင့် နိုင်ငံတော်နှင့် ပြည်သူများက ပါဝင်ကူညီဆောင်ရွက်ကြသူအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ပြုလိုက်ရပါသည်။

မိမိလူမျိုးအချင်းချင်းမဟုတ်သော်လည်း လူသားအချင်းချင်း ကူညီရိုင်းပင်းသည့် စေတနာစိတ်ထားများဖြင့် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အချိန်မဆိုင်းဘဲ မြန်မာနိုင်ငံသို့ လာရောက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည့် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် တူကီယဲ စသည့်နိုင်ငံ ၁၃ နိုင်ငံတို့မှ ဆေးအကာအကွယ်အဖွဲ့များ ပူးတွဲပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၆ ဖွဲ့၊ လူဦးရေ ၁၀၇၀၊ ရှာဖွေကယ်ဆယ်ရေးခွေး ၃၈ ကောင်နှင့် ပြည်တွင်းရှိ ကူညီရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြည်တွင်း၊ ပြည်ပ ကူညီရှာဖွေရေးအဖွဲ့များပူးပေါင်းပြီး မြေပြင်ကွင်းဆင်း၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများအတွင်းသို့ဝင်ရောက်ကာ ပိတ်မိနေသောပြည်သူများအား နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ ရှာဖွေကယ်ဆယ်တွေ့ရှိခဲ့သည့် လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကယ်ဆယ်သည့်နေရာတွင်ပင် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခဲ့သည်။ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများ၏ လျင်မြန်စွာဆောင်ရွက်ပေးနိုင်မှုကြောင့် အသက်ရှင်လျက်တွေ့ရှိသူ ၆၅၃ ဦးနှင့် အသက်သေဆုံးလျက်တွေ့ရှိသူ ၇၇၈ ဦးတို့ကို ရှာဖွေပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တူကီယဲ၊ လာအို၊ ဘူတန်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ အမေရိကန်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အဇာဘိုင်ဂျန်၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် ကမ္ဘောဒီးယားစသည့် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။ မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၂၇ ရက်နေ့အထိ အဆိုပါနိုင်ငံများမှ ပေးပို့ထောက်ပံ့လှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းမျိုးစုံကို လက်ခံရရှိပြီးသည်နှင့် ရောက်ဖြန့်စနစ်ဖြင့် ငလျင်ဒဏ်သင့်ဒေသလေးခုနှင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအားလုံးကို ဖြန့်ဝေပေးခဲ့ပြီး ထပ်မံရောက်ရှိလာသောပစ္စည်းများကို ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတကာကူညီကယ်ဆယ်ရေးဆေးအဖွဲ့များအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ရုရှား၊ အမေရိကန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ စင်ကာပူ၊ ဂျပန်နှင့်မလေးရှားစသည့် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ ၂၈ ဖွဲ့ အဖွဲ့ဝင်စုစုပေါင်း ၁၁၅၂ ဦးတို့က ငလျင်ဒဏ်သင့်ဒေသအသီးသီးတွင် ပြင်ပလူနာ ၂၉၂၀၆ ဦး၊ အတွင်းလူနာ ၉၅၇ ဦးနှင့် ခွဲစိတ်လူနာ ၁၀၈၄ ဦးတို့ကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့သည်။ ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီစောင့်ရှောက် ကျန်းမာရေးဆေးကုသမှုပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံ၊ ဆေးခန်းများနှင့် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများနှင့်အတူ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများက ယာယီဆေးရုံများကို သင့်လျော်သောနေရာများတွင် တည်ဆောက်ဖွင့်လှစ်ပေးပြီး စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

နိုင်ငံတကာမှ ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်စောင့်ရှောက်ခဲ့ရာတွင် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပစ္စည်းများကို နိုင်ငံတကာသင်္ဘော၊ လေယာဉ်များဖြင့် တင်ဆောင်ပြီး အဆက်မပြတ် လာရောက်ကူညီလျက်ရှိသည်။ ထို့ပြင် ခေတ်မီနည်းပညာ၊ စက်ကိရိယာပစ္စည်းများဖြင့် ထိရောက်စွာအားဖြည့်ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။ ငလျင်ဘေးဒဏ်ခံစားခဲ့ရသော ငလျင်ဒဏ်သင့်ဒေသများမှ ပြည်သူများအား နိုင်ငံတကာအဖွဲ့အစည်းများ၏ စွမ်းစွမ်းတမံဆောင်ရွက်ချက်များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းများအားလုံး၏ အများအကျိုးအတွက် နေ့မအား ညမနား သက်စွန့်ကြိုးပမ်း ပါဝင်ကူညီဆောင်ရွက်ပေးမှုများကို နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံရှိ ပြည်သူ ပြည်သားများအားလုံးတို့က အလေးအနက် အသိအမှတ်ပြုပြီး လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။ ။

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဧပြီ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို (၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်) မေ ၂၀ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒဆရာတော်များ၊ ပဓ္ဓက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၁ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက ၁၁ ပါး၊ ဝိနယကောဝိဒ တစ်ပါး၊ ဝိနယဓရ ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး၊ စာအောင်သံဃာ ၉၇ ပါး စုစုပေါင်း သံဃာတော် ၁၂၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၈၀၅၆၀၇၉၀၊ ၀၉-၄၃၀၆၇၁၆၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်သမားတွေရဲ့ လက်အောက်မှာ အသက်နဲ့ရင်းပြီး ဘုရားဖူးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ၃၀-၄-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒

## ၂၉ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၆၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၄ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၈၀၀ | ၆,၉၀၀ | ၅၂၆ | ၃,၆၀၉,၄၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၁၆၉ | ၅၃၀,၇၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၄ | ၃၂,၀၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၁၀၀ | ၁၈၅,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၂ | ၅,၈၀၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၄၆၄ | ၆၇၆,၀၀၀ |
| AMATA | ၃,၈၀၀ | ၃,၉၀၀ | ၂၀၇ | ၇၈၇,၃၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၉၀၃ | ၂,၇၅၄,၁၅၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၃၀ | ၉၉,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၉**

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငလျင်ကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင်အဆောက်အအုံများအနက် ပြန်လည်ပြုပြင်အသုံးပြုနိုင်သည့် အဆောက်အအုံများအား ပြန်လည်ပြုပြင် အသုံးပြုနိုင်ရေးနှင့် အသစ်ပြန်လည်တည်ဆောက်ရမည့် အဆောက်အအုံများအား ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် တည်ဆောက်နိုင်ရေး တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားနိုင်ရန် အတွက် မိမိတို့ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၅) ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နိုင်ငံတော်ပိုင်ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် အထူးအဆောက်အအုံများအား စစ်ဆေးနိုင်ရန် အဆင့်(၁)စစ်ဆေးရေးအဖွဲ့ ၁၈ ဖွဲ့၊ အဆင့်(၂) စစ်ဆေးရေးအဖွဲ့ ၁၁ ဖွဲ့နှင့် အထူးစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့တို့ကို အမည်များနှင့်တကွ ဖွဲ့စည်းခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများနှင့်ပတ်သက်၍ ဤကော်မတီက ဖွဲ့စည်းပေးသည့် ကျွမ်းကျင်သူပညာရှင်များပါဝင်သည့် အဖွဲ့များဖြင့် စစ်ဆေးကာ အရောင်ခွဲခြားသတ်မှတ်မှု(အနီရောင်၊ လိမ္မော်ရောင်နှင့် အပြာရောင်) အဆင့်သတ်မှတ်ချက်များ ဆောင်ရွက်လျက်ရှိကြောင်း။

အဆောက်အအုံများ ပြုပြင်ခြင်း၊ အသစ် တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ငလျင်ဒဏ် အင်အားရစ်ချ်တာစကေး ၈ ဒသမ ၀ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများဖြစ်အောင် ဆောက်လုပ်ရမည် ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးဘေးဒဏ်ခံရသော နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုအတွက် မြေငလျင်ဒဏ်သင့် အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးရေးကော်မတီခြောက်ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆောက်အအုံ ပျက်စီးမှုအားအကဲဖြတ် အဓိပ္ပာယ်သတ်မှတ်ချက် (အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်) များကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်း/ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ ထိုသို့သတ်မှတ်ထားသော အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ၊ လမ်း၊ တံတားများအတွက် အမျိုးအစားနှင့် ပျက်စီးမှု ပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure–SOP) များကိုလည်း ဖြန့်ဝေပေးခဲ့ပြီး ပြင်ဆင်ရန်နှင့် အသစ် တည်ဆောက်ရာတွင် လိုက်နာ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ MSME နှင့် စက်မှုဇုန်များရှိ အဆောက်အအုံများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအပြင် ဖြန့်ဝေပေးထားသည့် SOP များအတိုင်း စနစ်တကျ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ရုံးဌာန အဆောက်အအုံများအား ပြင်ဆင်ရန်အတွက် မူလတည်ဆောက်ခဲ့သော ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ လက်ရှိ ဆောင်ရွက်နေသည့် ကုမ္ပဏီများအား တာဝန်ပေး ဆောင်ရွက်ခြင်းနှင့် အင်ဂျင်နီယာအသင်း သုံးသင်းမှ သတ်မှတ်ထောက်ခံပေးထားသည့် ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်း စသည့်နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်ခြင်းအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့်သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများက တာဝန်ယူဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အတည်ပြုပေးသည့် မြို့ပြအင်ဂျင်နီယာများ ပါဝင်သောပညာရှင်များအား ဖွဲ့စည်းတာဝန်ပေးအပ်၍ ခန့်မှန်းကုန်ကျငွေ (Estimate)များ တွက်ချက်ပြီး သက်ဆိုင်ရာ ပြုပြင်တည်ဆောက်ရေးအဖွဲ့မှတစ်ဆင့် အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီသို့ တင်ပြကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီတွင် ခန့်မှန်းကုန်ကျငွေအား လုပ်ငန်းပမာဏအရ ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ပုံမှတ်တမ်းများဖြင့် စစ်ဆေးခြင်းတို့ဖြင့် တိုက်ဆိုင်စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

အဆိုပါ ကော်မတီမှတစ်ဆင့် “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ” သို့ ဆက်လက်တင်ပြဆောင်ရွက်သွားပြီး “အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ” ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးနိုင်ရေးစီမံပေးခြင်းဖြင့် ငလျင်ဒဏ်သင့်အဆောက်အအုံများပြုပြင်ခြင်းလုပ်ငန်းများအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဘဏ္ဍာငွေ လေလွင့်မှု မရှိစေရေးအတွက် စိစစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက ရုံး/ဌာနများအလိုက် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပညာရှင်များ၏ အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် ကော်မတီ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဧပြီ ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်များ ဆုံးရှုံးခဲ့ရသည့် မိသားစုများနှင့် အသိုက်အဝန်းများအတွက် တရုတ်နိုင်ငံမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထောက်ပံ့ရေးနှင့်စပ်လျဉ်းသည့်ကိစ္စများ၊ မြန်မာနိုင်ငံအစိုးရ၏ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးသွားမည့်ကိစ္စ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်မှု၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များ စေလွှတ်ပေးမှုများအတွက် အိန္ဒိယနိုင်ငံအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်မည့် နည်းလမ်းများနှင့် ငလျင်ဒဏ်ခံစားရသူများအား ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ

ရန်ကုန်မြို့၏ စီးပွားရေးလုပ်ငန်း လည်ပတ်မှုတွင် မောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၊ ကုမ္ပဏီဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများသွားလာရေးနှင့် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်များ စီးဆင်းနိုင်ရန် သန်လျင်တံတား အမှတ်(၁)၊ ကုလားဝဲတံတား (သန်လျင်တံတား အမှတ်-၂)နှင့် သန်လျင်တံတား အမှတ်(၃) စသည့် ပဲခူးမြစ်ကူးတံတားကြီးသုံးစင်းကို နိုင်ငံတော်မှ တည်ဆောက်ခဲ့ရာ အဆိုပါတံတားကြီး သုံးစင်းတွင် သန်လျင်တံတား အမှတ်(၃)သည် နိုင်ငံတကာ အဆင့်မီ သံမဏိကြိုးဆိုင်းတံတားကြီး တစ်စင်းဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပို့ဆောင်ရေးကဏ္ဍတွင် အရေးပါသောတံတားကြီး တစ်စင်းအဖြစ် တည်ရှိလျက်ရှိ၍ ရန်ကုန်မြို့၏ ကျက်သရေဆောင် တံတားကြီး တစ်စင်းအဖြစ် ဂုဏ်ယူဖွယ် တည်ရှိလျက်ရှိသည်။

သန်လျင်တံတား အမှတ်(၃)သည် ရန်ကုန်မြို့ဘက်ခြမ်းတွင် ချဉ်းကပ်တံတား အရှည် ၁၉၇၅ ပေ၊ သန်လျင်ဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၂၆၄၇ ပေနှင့် ပင်မတံတား အရှည် ၃၀၁၆ ပေ စုစုပေါင်းတံတားအရှည် ၈၆၃၈ ပေဖြင့် သံမဏိကြိုးဆိုင်းတံတားကြီး တစ်စင်းအဖြစ် တည်ရှိလျက်ရှိပြီး ရန်ကုန်-သန်လျင်သွား လမ်းပိုင်းတွင် လေးလမ်းသွားဖြင့်လည်းကောင်း၊ သန်လျင်-ရန်ကုန် လမ်းပိုင်းတွင် ခြောက်လမ်းသွားအဖြစ် လည်းကောင်း နိုင်ငံတကာအဆင့်မီ ‘က’အဆင့် တံတားကြီးတစ်စင်း အဖြစ်တည်ဆောက်ထားသည်။

အဆိုပါ တံတားကြီးပေါ်မှ အိမ်စီးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ ကွန်တိန်နာယာဉ်နှင့် ယာဉ်မျိုးစုံ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိပြီး ယခင်က ရန်ကုန်-သန်လျင် သွားလာမှုတွင် ကြုံတွေ့ခဲ့ရသော ယာဉ်ကြောပိတ်ဆို့မှုအခက်အခဲကို သန်လျင်တံတားအမှတ်(၃)ကြီးက ဖြေရှင်းပေးနိုင်ခဲ့သည်။ ယနေ့တွင် ရန်ကုန်မြို့ပြသို့ ဝင်ရောက်သည့် လုပ်ငန်းခွင်ကဏ္ဍနှင့် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်ပို့ဆောင်ရေးကဏ္ဍများ မြန်ဆန်သွက်လက်လာလျက်ရှိရာ ရန်ကုန်မြို့ပြ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုလျက်ရှိသည့်အပြင် နိုင်ငံတော်၏ ပို့ကုန်ကဏ္ဍကိုလည်း မြန်ဆန်စွာ စီးဆင်းနိုင်မှုဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**




သန်လျင်တံတားအမှတ်(၃)၏ ညပိုင်းအလှကို တွေ့ရစဉ်။



# မုဒုံမြို့၌ တောင်သူများအား အောင်နိုင်တိုး အထွက်တိုးမျိုးစပါးများ ပေးအပ်ပွဲကျင်းပ

**မုဒုံ ဧပြီ ၂၉**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ခုနစ်သင်းမှ အသင်းသားတောင်သူများထံသို့ အထွက်တိုးမျိုးစပါး (အောင်နိုင်တိုး) ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အသင်းစုလီမိတက်အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သမဝါယမအသင်း ခုနစ်သင်းမှ တောင်သူ ၉၂ ဦး၏ စိုက်ဧက ၄၄၈ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၂၄ သန်းနှင့် ညီမျှသည့် သွင်းအားစုမျိုးစပါးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရာမည**

THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT Of THE UNION
သတင်းထုတ်ပြန်ချက်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း


နေပြည်တော် ဧပြီ ၃၀


ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာစာအုပ်ကို (အင်္ဂလိပ်/ မြန်မာ)နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူများပါ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ဤအစီရင်ခံစာ စာအုပ်၌ ဖော်ပြထားပါသည်။ အဆိုပါဆောင်ရွက်ချက်များတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ၏ ၁၀၃% ကို စစ်ဆေးပြီးပြတ်ခဲ့သဖြင့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)တွင် လျာထားသည့် တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း စုစုပေါင်း၁၀၀%ထက် ကျော်လွန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမျိုးသားအဆင့် မဟာဗျူဟာများနှင့် စီမံကိန်းများ၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဘဏ်အပေါင်မှုများကို အမြန်ပြီးပြတ်စေရန်နှင့် အပေါင်ချေးငွေများ ပြန်လည်ရရှိစေရေးအတွက် အထူးကိစ္စရပ်အနေဖြင့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာမှုခင်းများ စစ်ဆေးစီရင်ရာတွင် ထိရောက်မှုရှိစေသည့် လုပ်ထုံးလုပ်နည်းအသစ်များ ရေးဆွဲနိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်မှုခင်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ နည်းပညာအသုံးပြုမှုကဏ္ဍတိုးမြှင့်မှုအနေဖြင့် နိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ကြသည့် ရှေ့နေတစ်ဦးချင်းစီ၏ အချက်အလက်များကို လွယ်ကူစွာစီမံခန့်ခွဲနိုင်သည့် ရှေ့နေရှေ့ရပ်စီမံခန့်ခွဲရေးစနစ်ကို ဆောင်ရွက်နိုင်ခဲ့ခြင်းများ အပါအဝင်တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းတရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဤအစီရင်ခံစာစာအုပ်တွင် ပြည့်ပြည့်စုံစုံဖော်ပြထားသည့်အတွက် တရားစီရင်ရေးမဏ္ဍိုင်၏ ရပ်တည်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို အလွယ်တကူ ဖတ်ရှုသိရှိနိုင်မည်ဖြစ်ပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport.ousc@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။

**သတင်းစဉ်**




## The Myanmar Stamp Act ကို မြန်မာဘာသာသို့ ပြန်ဆိုအတည်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
အမိန့်အမှတ် ၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Myanmar Stamp Act ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ပုံ) ဒေါက်တာသီတာဦး
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၂၉


ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **မျိုးဆက်သစ်ဝံသာနုပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၃ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၇၃ ပါတီ ရှိပြီဖြစ်သည်။

ယခု လျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ဒုတိယဝန်ကြီး ဦးရဲတင့် အင်းစိန်ခရိုင်ရုံးရှိ စာကြည့်တိုက်နှင့် ရုံးအဆောက်အအုံများ ကြံ့ခိုင်မှုနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် ရုံးအဆောက်အအုံများ ကြံ့ခိုင်မှုနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထင်အောင် (အငြိမ်းစား) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက စာကြည့်တိုက်များအတွက် လှူဒါန်းသော သိပ္ပံနည်းပညာနှင့် ဘာသာရပ်ဆိုင်ရာ မြန်မာ၊ အင်္ဂလိပ် စာအုပ်များ၊ သုတရသစာအုပ်များအစရှိသည့် စာအုပ်ပေါင်း ၆၃၁ အုပ်ကို လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အဆိုပါရုံး၌ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ဝန်ထမ်းများနှင့် တွေ့ဆုံ၍ဝန်ထမ်းရေးရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သူတို့ဝင်မစွက်စေနဲ့

မြန်မာနိုင်ငံမှာ ဒီနှစ်နှောင်းပိုင်း ဒါမှမဟုတ် နောက်နှစ်အစောပိုင်းမှာ ရွေးကောက်ပွဲတွေ ကျင်းပဖို့ရှိတယ်။ မြန်မာနိုင်ငံဟာ ရွေးကောက်ပွဲတွေကို ကိုယ့်ရဲ့စံတန်ဖိုးတွေနဲ့အညီသာ ကျင်းပသင့်ပါတယ်။ ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲတွေရဲ့အဓိပ္ပာယ်ကို သူတို့ရဲ့အမြင်နဲ့ပဲ တင်းကျပ်စွာသတ်မှတ်ပြီး ကမ္ဘာ့တောင်ဘက်ခြမ်း နိုင်ငံတွေအပေါ် သူတို့ရဲ့ စံတန်ဖိုးတွေနဲ့လာပြီး ဆရာလုပ်နေကျ ကမ္ဘာ့နိုင်ငံအချို့ရဲ့ စွက်ဖက်မှုကို လက်ခံစရာ မလိုပါဘူး။ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာကို အလေးအနက်ထားတဲ့ နိုင်ငံဖြစ်တဲ့အတွက် အဲဒီနိုင်ငံတွေက မြန်မာ့စံတန်ဖိုးနဲ့ ဓလေ့ထုံးတမ်းတွေကို နားလည်နိုင်မှာမဟုတ်ဘူး။ (Global South ဆိုတာ အာဖရိက၊ လက်တင်အမေရိက၊ အာရှတိုက်နဲ့ အရှေ့အလယ်ပိုင်း ဒေသတချို့မှာရှိတဲ့ နိုင်ငံတွေကို အဓိကအားဖြင့် ပြောတာပါ။)



www.gnlm.com.mm 9 APRIL 2025 THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE

Don't Let Them Interfere

By Kyaw Myint Tun (Paris)

THERE will be elections in Myanmar later this year or early next year.

Myanmar should carry out the elections in accordance with Myanmar values. Not imposed upon from the usual corners of the world who have been preaching the meaning of elections and democracy strictly based on their views, and imposing their values upon countries in the global South! In the case of Myanmar, it is a staunchly Buddhist country. They don't understand Myanmar's values and traditions.

There is a fierce debate going on in the West about the meaning of democracy. Democracy as long as there is no debate about the rules of the global order set by the globalist elitists, who have had unfettered monopolies in the past 80 years. 80 years, they have had a ride without any question to their views.

The meaning of democracy? Just look at France! Shall we ask the courageous Prime Minister of Hungary? How about the courageous leader of Slovakia? Let's look at what's going on in Romania. The list just goes on and on!

At the top of the list of globalist elitists are those self-absorbed people (SAPs) from the ivory towers in Geneva and New York!

One of the main pillars of their creation was peace. Where have they brokered peace in the recent memory? Point one! There is none! They have no success record to show for years/decades in terms of brokering peace and thus, there is desperation. The dream of the Nobel Peace Prize fading away fast! When one is desperate, there is a tendency to act irrationally. Case in point their mighty leader from New York visited the camps in Cox's Bizarre recently. The crisis erupted in 2017, his first year. All these years, there was no visit to Cox's Bizarre. Now that nearing the end of the term, dropped in Cox's Bizarre for a photo op. Compassion? Please!

Myanmar suffered from one of the worst earthquakes in more than 100 years. It's true all's not well with Myanmar. But, in his remarks supposedly about the earthquake, which lasted three minutes (taking no questions from the reporters), the high and mighty big Boss in New York couldn't help but veer into politics. The remarks were not one of empathy. It was a political statement! The announcement was made that the Humanitarian Chief would be despatched. Fair enough! It was also announced that a Special Envoy would be despatched too! For what? What is the person going to do? Again, they can't help but mix politics in every given opportunity. About those so-called Envoys, what have each and every one of them achieved in the last more than 20 years? These appointments have been made to park some "has beens", to send those who are no longer wanted in New York into "exile", a payback for someone who has done a favour, DEI, and so on. Not one single appointment is in the best interest of Myanmar people.

These people, together with usual globalist elitists are oblivious to the reality of today. Global order as it existed is not changing. It has changed drastically! But these SOPs remain in denial. They should look at the newsstands. A current issue of a leading magazine said, in relation to the US politics, "Congress's Age of Irrelevance". Another leading magazine said "Curtains for Europe". These are far-left liberal magazines!! Another leading conservative newspaper ran an article with the headline "Global Economic Order Gets Reshuffled".

Speaking of the Big Uncle, how about the "the Court"? The internal panel has claimed the self-righteous "prosecutor" tried to retaliate in connection with the sexual misconduct. Note, that this is an "internal" investigation. There was no courage to bring in totally independent external investigators. Even then, the misconduct must be of such a scale that even the internal investigation could not shove it under the rug. This is the guy who is handing out arrest warrants left and right to the world leaders who actually matter to the fate of world peace. Anyone with the slightest of shame would have stepped aside. But not this one. No dignity! No shame! The big boss in New York has said nothing! The courageous leader of Hungary said the country would be leaving the Treaty.

They have been in Sudan for decades. Just look at what's going on in Sudan. South Sudan was their latest "baby". Just look at what's going on in South Sudan. They can't solve anything. Not especially when the "Uncles" are involved. Look at Ukraine. Look at the Middle East! Not a single thing they can do. Enter Myanmar, their usual bully target!

As for the Human Wrongs people in the ivory towers in Geneva, they live on their own planet far away from reality! The team on the ground in Myanmar, those who witnessed the tragedy caused by the natural disaster firsthand, said they have seen no blockage of aid to the quake victims. But the Human Wrongs, far away living in luxury and out of touch couldn't help to put out a statement that Myanmar's military is choking aid. It's all about their own interest. There is a glaring example of what's wrong with the whole system. Let's ask the big powers like the United States, Russia and China for their views on these Human Wrongs people. The fate of the world will not depend on these Human Wrongs!!!! Like the ceiling. The whole place is dripping with rot!

For the coming elections in Myanmar, don't let any of those SOPs and countries claiming transparency, democracy and what's fair and not fair elections come anywhere nearby. They'll just come with ulterior motives preaching inclusive this, inclusive that. Keep them out and keep them far away. Do what's best for Myanmar internally and with the help of friendly countries.

*The views expressed in this article are those of the author.*

အခုအနောက်နိုင်ငံတွေမှာ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်အမှန်ကို အတော်လေး ပြင်းပြင်းထန်ထန် အငြင်းအခုံတွေ ဖြစ်နေကြတယ်။ ကမ္ဘာ့ဂျင်ပေါ်ကထုံးတစ်စုတို့က ကမ္ဘာ့ရေးရာတွေမှာ နှစ် ၈၀ လုံးလုံး အတိုက်အခံမရှိ လက်ဝါးကြီးအုပ်ခဲ့တုန်းက ဒီမိုကရေစီဆိုတာရဲ့ အဓိပ္ပာယ်အပေါ် အငြင်းအခုံရယ်လို့ မရှိခဲ့ပါဘူး။ နှစ် ၈၀ လောက်ကြာတဲ့အထိ သူတို့အမြင်တွေကို မေးခွန်းထုတ်မယ့်သူမရှိဘဲ ကမ္ဘာကို ကုပ်ခွစီးနိုင်ခဲ့ကြသပေါ့။

ဒီမိုကရေစီဆိုတာ ဘာလဲဆိုတာကို မေးခွန်းထုတ်တဲ့အခါ ဥပမာအားဖြင့် ပြင်သစ်မှာဖြစ်နေတဲ့ အခြေအနေတွေကိုကြည့်။ ဒါမှမဟုတ် ဟန်ဂေရီရဲ့ သတ္တိရှိတဲ့ ဝန်ကြီးချုပ်ကို မေးကြည့်။ ဒါမှမဟုတ် ဆလိုဗက်ကီးယားရဲ့ ဆုံးဖြတ်ချက်ခိုင်မာတဲ့ ခေါင်းဆောင်ကို အကျိုးအကြောင်းမေးကြည့်နိုင်တယ်။ ရိုမေးနီးယားမှာဖြစ်နေတဲ့ အခြေအနေတွေကိုလည်းကြည့်လိုက်ဦး။ ဒီမိုကရေစီပုံစံဘယ်လိုဖြစ်သင့်လဲဆိုတာနဲ့ ပတ်သက်ပြီး လူတိုင်းတစ်သဘောတည်း မဟုတ်ဘူးဆိုတာကို တွေ့နိုင်တယ်။ ဒီလို မတူကွဲပြားသူတွေရဲ့စာရင်းမှာ နာမည်တွေ တိုးသည်ထက်တိုးနေဦးမှာပါ။

ကမ္ဘာ့ဂျင်ပေါ်ကထုံး စာရင်းရဲ့ ထိပ်ဆုံးမှာ ရှိနေသူတွေကတော့ ဂျီနီဗာနဲ့ နယူးယောက်ဆင်စွယ်နန်းတော်တွေဆီမှာ ဇိမ်ခံနေကြတဲ့ ကိုယ့်ဘက်ကိုယ်ယက်တဲ့ ကိုယ်ကျိုးရှာသူတွေပါပဲ။

သူတို့ဖန်တီးခဲ့တဲ့ အဓိကလုပ်ငန်း မဏ္ဍိုင်ကြီးတွေထဲကတစ်ခုက ငြိမ်းချမ်းရေးလို့ ဆိုတယ်။ လောလောဆယ် မှတ်မိသလောက် သူတို့အကျိုးဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေး ဘယ်မှာရှိသလဲ။ တစ်ချက်လောက်မှန်းကြည့်။ ဘာမှမရှိ နတ္ထိ။ ပြီးခဲ့တဲ့နှစ်များစွာ၊ ဆယ်စုပေါင်းများစွာအတွင်း ငြိမ်းချမ်းရေး အကျိုးဆောင်ခဲ့တာနဲ့ အလားတူကိစ္စတွေမှာ အောင်မြင်မှု မှတ်တမ်းရယ်လို့ ပြစရာ သူတို့မှာ တစ်ခုမှမရှိ။ ရှိတာက ကြံရာမရ ဖြစ်ခြင်းမျှသာ။ ငြိမ်းချမ်းရေးနိုဗယ်ဆု အိပ်မက်ကလည်း မြန်မြန်ဆန်ဆန်ပဲ မှုန်ဝါးလွင့်ပြယ်သွားခဲ့ပြီ။ လူတစ်ယောက် ကြံရာမရ ဖြစ်လာတဲ့အခါ အကြံကုန် ဂဠုန်ဆားချက်လုပ်လာတတ်တယ်။ ပြစရာ ဥပမာတစ်ခုကတော့ နယူးယောက်က သူတို့ရဲ့ ခေါင်းဆောင်ကြီး မိုက်တီး မကြာသေးမီက ကော့စ်ဘဇားဒုက္ခသည်စခန်းတွေရှိရာဆီ သွားခဲ့ပုံမျိုးပေါ့။ တကယ်တော့ ဒီအကျပ်အတည်းဟာ မိုက်တီး ခေါင်းဆောင်ရာထူးစယူတဲ့ ၂၀၁၇ ခုနှစ်မှာကတည်းက စဖြစ်တာ။ အဲဒီနှစ်တွေအားလုံး ကော့စ်ဘဇားကို သူတစ်ခါတစ်ခေါက်မှ မရောက်ခဲ့ပါဘူး။ အခု ရာထူးသက်တမ်းကုန်ခါနီးပါမှ ဓာတ်ပုံရိုက်ခံ၊ အကြံအဖန်လုပ်ဖို့ ကော့စ်ဘဇားကို ကောက်ကာငင်ကာ ရောက်ချလာတာပါ။ အဲဒါ ကရုဏာ၊ မေတ္တာတဲ့လား၊ ပြောစမ်းပါဦး။

မြန်မာနိုင်ငံမှာ အနှစ်တစ်ရာကျော်အတွင်း အဆိုးဆုံးလို့ပြောရလောက်တဲ့ ငလျင်ကြီးရဲ့ဒဏ်ကို ခံလိုက်ရတယ်။ အားလုံးက မြန်မာနိုင်ငံနဲ့ထပ်တူ ဝမ်းနည်းခံစားခဲ့ကြရတာလည်း အမှန်ပဲ။ ဒါပေမဲ့ ခေါင်းဆောင်ကြီး မိုက်တီးကတော့ ငလျင်အကြောင်းဆိုလို့ နောက်ဆုံး သုံးမိနစ်လောက်ပဲ ပြောသွားတယ်။ (သတင်းထောက်တွေရဲ့ မေးခွန်းကိုလည်း ဖြေမသွားဘူး။) နယူးယောက်က အထက်စီးဆန်တဲ့ မိုက်တီးပုဂ္ဂိုလ်ကြီးက နိုင်ငံရေးစကားတွေ မပြောဘဲ မနေနိုင်ဘူး။

သူ့ရဲ့မှတ်ချက်စကားက ငလျင်ဒဏ်ခံခဲ့ရတဲ့ သူတွေအပေါ် စာနာထောက်ထားမှုတစ်ခုမျှ ဖြစ်မလာခဲ့ပါဘူး။ အဲဒီအစား နိုင်ငံရေးဆိုင်ရာ ထုတ်ပြန်ချက်တစ်ခုပဲ ဖြစ်လာခဲ့ပါတယ်။ (သူက) လူသားချင်းစာနာမှုဆိုင်ရာ အကြီးအကဲရယ်၊ အထူးကိုယ်စားလှယ်ရယ်ကို အကူအညီပေးဖို့ လွှတ်မယ်လို့ ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ သူတို့တွေ ဘာလာလုပ်မှာလဲ၊ ဘာတွေ အကောင်အထည်ဖော်ပေးမှာလဲဆိုတာ မေးစရာပဲ။ အရင် နှစ် ၂၀ လောက်ကတည်းက သူတို့တွေ ဘာမှထူးထူးခြားခြား လုပ်ခဲ့တာမရှိဘူး။ ဒီလို ခန့်အပ်တာတွေက တကယ်တမ်း မြန်မာပြည်ကလူတွေကိုကူညီဖို့ထက်နိုင်ငံရေးအတွက်လှည့်ကွက်တွေလုပ်တာပါပဲ။ တကယ်တော့ ဒီလို ကပ်ဆိုးတွေကျရောက်ရင် သူတို့ရဲ့ တုံ့ပြန်ပုံတွေက နိုင်ငံရေးတွေနဲ့ ရောထွေးနေပြီး ဘာမှ အရာမရောက်ပါဘူး။

သံတမန်တွေပါလို့ခေါ်တဲ့ လူတွေရဲ့ လုပ်ဆောင်နိုင်စွမ်းကလည်း မေးခွန်းထုတ်စရာပါ။ အဲဒီသံတမန်တွေဟာ လွန်ခဲ့တဲ့ နှစ် ၂၀ အတွင်းမှာ ဘာတွေအောင်အောင်မြင်မြင် လုပ်နိုင်ခဲ့လဲ။ ဘာမှ သိသိသာသာ အကျိုးရှိအောင် မလုပ်နိုင်ခဲ့ဘူး။ ဒီခန့်အပ်မှုတွေဟာ မြန်မာနိုင်ငံကို တကယ်ကူညီဖို့ ရည်ရွယ်တာမဟုတ်ဘူး။ နယူးယောက်မှာ DEI အစီအစဉ် (ကွဲပြားခြားနားမှု၊ တန်းတူညီမျှမှု၊ ပါဝင်နိုင်မှု)အရ ခန့်အပ်မှုတွေသာဖြစ်ပြီး မြန်မာပြည်သူတွေရဲ့ လိုအပ်ချက်ကို အကောင်းဆုံး ဖြည့်ဆည်းပေးတာ မဟုတ်ဘူး။ ဒီခန့်အပ်မှုတွေအားလုံးဟာ မြန်မာနိုင်ငံရဲ့အကျိုးကို ထည့်မစဉ်းစားဘဲလုပ်ထားတာ။

ဒီလူတွေနဲ့အတူပဲ ကမ္ဘာလုံးဆိုင်ရာ ဂျင်ပေါ်ကထုံးတွေကတော့ မျက်မှောက်ကမ္ဘာ့နိုင်ငံရေး အခြေအနေတွေကို အမှန်အတိုင်း လုံးဝမသိကြဘူး။ အရင်သိခဲ့ကြတဲ့ ကမ္ဘာ့အစီအစဉ်က ရိုးရိုးပြောင်းလဲသွားတာမဟုတ်ဘူး၊ လုံးဝကို ပြောင်းပြန်ဖြစ်သွားတာ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ ကိုယ်ကျိုးရှာနေတဲ့ ဒီလူတွေကတော့ အမှန်တရားကို ငြင်းဆန်နေတုန်းပဲ။ သူတို့စာနယ်ဇင်းတွေကို တစ်ချက်လောက် ကြည့်သင့်တယ်။ မကြာသေးခင်က နာမည်ကြီး မဂ္ဂဇင်းတစ်စောင်မှာ အမေရိကန်နိုင်ငံရေးအကြောင်းကို **“ကွန်ဂရက်ရဲ့ အရေးမပါတဲ့ ခေတ်”** လို့ ရေးထားတယ်။ နောက်ထပ် နာမည်ကြီး မဂ္ဂဇင်းတစ်စောင်ကလည်း **“ဥရောပရဲ့ ကန့်လန့်ကာ”** လို့ ပြောထားတယ်။ ဒါတွေက လက်ဝဲစွန်းလစ်ဘရယ် အမြင်ရှိတဲ့ မဂ္ဂဇင်းတွေနော်၊ တစ်ဖက်မှာလည်း နာမည်ကြီး လက်ယာဝါဒီသတင်းစာတစ်စောင်က **“ကမ္ဘာ့စီးပွားရေးအစီအစဉ်ပြန်ပြင်ဆင်ခံရ”**လို့ ခေါင်းစဉ်တပ်ထားတဲ့ ဆောင်းပါးကို ဖော်ပြထားတယ်။

(ဒီဂလိုဘယ်အထက်တန်းလွှာတွေက လက်တွေ့အခြေအနေနဲ့ အဆက်ပြတ်နေပုံရတယ်။ ကမ္ဘာ့အစီအစဉ်က သိသိသာသာ ပြောင်းလဲသွားပေမယ့် သူတို့က အသိအမှတ်ပြုဖို့ ငြင်းဆန်နေကြတယ်။ မဂ္ဂဇင်းအမျိုးမျိုးမှာပါတဲ့ မကြာသေးခင်က ဆောင်းပါးတွေက အမေရိကန်နိုင်ငံရေးရဲ့ ကျဆင်းမှုနဲ့ ဥရောပရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ဖော်ပြပြီး အခြေအနေက သူတို့ပြောသလို တည်ငြိမ်မှုမရှိဘူးဆိုတာကို ပြသနေတယ်။)

အပြည်ပြည်ဆိုင်ရာ တရားရုံးစနစ်ထဲမှာလည်း ပြဿနာတွေရှိနေပါတယ်။

**“အန်ကယ်ဆမ်ကြီး”** ပြောတဲ့အထဲမှာ **“အပြည်ပြည်ဆိုင်ရာ တရားရုံး”** အကြောင်းလည်း ပါပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဖြောင့်မတ်တယ်ထင်နေတဲ့ **“တရားစွဲဆိုရေးမှူး”** က လိင်ပိုင်းဆိုင်ရာ မတော်မတရားမှုနဲ့ ပတ်သက်ပြီး လက်တုံ့ပြန်ဖို့ ကြိုးစားနေတယ်လို့ ဌာနတွင်း စုံစမ်းစစ်ဆေးရေးအဖွဲ့က ဆိုပါတယ်။ အဲဒါ ဌာနတွင်းစုံစမ်းစစ်ဆေးရေးနော်။ လုံးဝလွတ်လပ်တဲ့ ပြင်ပစုံစမ်းစစ်ဆေးသူတွေကို ပါဝင်ခိုင်းဖို့တော့ သူသတ္တိမရှိဘူး။ လိင်ပိုင်းဆိုင်ရာ မတော်မတရားမှုက ဌာနတွင်းစုံစမ်းစစ်ဆေးမှုနဲ့ ဖုံးကွယ်လို့မရလောက်အောင် ကြီးလေးပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အရေးပါတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေကို ဩသံပေးပြီး ဖမ်းဝရမ်းတွေထုတ်နေတဲ့သူက ဒီလူပဲ။ နည်းနည်းလေးတောင် ရှက်တတ်ရင် ရာထူးက နုတ်ထွက်သွားသင့်တယ်။ ဒါပေမဲ့ ဒီလူက မနုတ်ထွက်ဘူး။ ဂုဏ်သိက္ခာလည်း မရှိဘူး၊ ရှက်လည်းမရှက်ဘူး။ နယူးယောက်က ခေါင်းဆောင်ကြီး မိုက်တီးကလည်း တုဏှီဘာဝေ တိတ်ဆိတ်နေတယ်။ ဟန်ဂေရီရဲ့ သတ္တိရှိတဲ့ ခေါင်းဆောင်ကတော့ စာချုပ်ကနေ နုတ်ထွက်မယ်လို့ ကြေညာလိုက်ပြီ။

သူတို့က ဆူဒန်မှာ နှစ်ပေါင်းများစွာ ပါဝင်ပတ်သက်နေခဲ့တယ်။ အခု ဆူဒန်မှာ ဘာတွေဖြစ်နေလဲ ကြည့်လိုက်ဦး။ တောင်ဆူဒန်က သူတို့ရဲ့နောက်ဆုံး “ရင်သွေးငယ်”ပဲ။

စာမျက်နှာ ၇ သို့ ☆

**ခေါင်းဆောင်ကြီးမိုက်တီးကတော့ ငလျင်အကြောင်းဆိုလို့ နောက်ဆုံး သုံးမိနစ်လောက်ပဲ ပြောသွားတယ်။ သူ့ရဲ့မှတ်ချက်စကားက ငလျင်ဒဏ်ခံခဲ့ရတဲ့ သူတွေအပေါ် စာနာထောက်ထားမှုတစ်ခုမျှ ဖြစ်မလာခဲ့ပါဘူး။ အဲဒီအစား နိုင်ငံရေးဆိုင်ရာ ထုတ်ပြန်ချက်တစ်ခုပဲ ဖြစ်လာခဲ့ပါတယ်။ (သူက) လူသားချင်းစာနာမှုဆိုင်ရာ အကြီးအကဲရယ်၊ အထူးကိုယ်စားလှယ်ရယ်ကို အကူအညီပေးဖို့လွှတ်မယ်လို့ ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ သူတို့တွေ ဘာလာလုပ်မှာလဲ၊ ဘာတွေအကောင်အထည်ဖော်ပေးမှာလဲဆိုတာ မေးစရာပဲ။ အရင် နှစ် ၂၀ လောက်ကတည်းက သူတို့တွေ ဘာမှထူးထူးခြားခြား လုပ်ခဲ့တာမရှိဘူး။ ဒီလို ခန့်အပ်တာတွေက တကယ်တမ်း မြန်မာပြည်ကလူတွေကို ကူညီဖို့ထက် နိုင်ငံရေးအတွက် လှည့်ကွက်တွေလုပ်တာပါပဲ။ တကယ်တော့ ဒီလိုကပ်ဆိုးတွေကျရောက်ရင် သူတို့ရဲ့ တုံ့ပြန်ပုံတွေက နိုင်ငံရေးတွေနဲ့ ရောထွေးနေပြီး ဘာမှအရာမရောက်ပါဘူး**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm
၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၅။ Myawady Webportal
https://myawady.net.mm
၆။ Myanmar National Portal
https://myanmar.gov.mm

## ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးအကြောင်းကြားခြင်း

နေပြည်တော်တည်ဆောက်ရေး အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သည့် ရုံး/ဌာန အဆောက်အဦများ၊ အထူးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများအပါအဝင် အခြားအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည် -

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**

(၁) ဦးဇော်ထွန်း၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၆၉၆၀၀၆၉၉၉)။
(၂) ဒေါ်ချယ်ရီလှမောင်၊ ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၅၀၀၅၆၇၈)။

**ဆက်သွယ်ရမည့်လိပ်စာ**

နေပြည်တော်စည်ပင်ယာယာရေးကော်မတီ၊ မြို့တော်ခန်းမ။

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးကန်ပတ်ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ်ရှိ အင်ပြင်ပျိုးဥယျာဉ်ရှင်းလင်းဆောင်၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အင်းလေးကန် ပတ်ဝန်းကျင် ရေဝေရေလဲဒေသများ အထူးစိမ်းလန်းစိုပြည်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် ၂၀၂၄ ခုနှစ် ကလောမြို့ ရေကြီးရေလျှံမှုကြောင့် ရေတိုက်စား ပျက်စီးသွားသော အင်ပြင်ပျိုးဥယျာဉ်အား ပြန်လည်ပြုပြင်ထားမှု အခြေအနေနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင် ၆၁၀၀၀ ကျော် ပျိုးထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အောင်ပန်းမြို့ ပေါတုတ်ကျေးရွာအနီး အောင်ပန်းနှင့် အင်းလေးကန်ကြားရှိ တောင်ကုန်း တောင်တန်းများ စိမ်းလန်း စိုပြည်စေရေးအတွက် စိုက်ခင်းတည်ထောင်မည့် မြေနေရာ ၁၆ ဧကအတွင်း ယခုနှစ် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးရန် ပန္နက်ရိုက်၊ ကျင်းတူးဆောင်ရွက်ထားရှိမှုနှင့် ပေါတုတ်ကျေးရွာအနီး တောင်ကုန်း တောင်တန်းများ စိမ်းလန်းစိုပြည်စေရေး အတွက် သစ်စေ့ ဆူးထိုးစိုက်ပျိုးမည့်မြေနေရာ ၂၄၄ ဧက ရွေးချယ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်ပန်းမြို့ ညောင်ကုန်း ကျေးရွာအနီး စိမ်းလန်းစိုပြည်ရေး စိုက်ခင်း တည်ထောင်မည့် မြေနေရာ ငါးဧကသို့ သွားရောက်၍ ပန္နက်ရိုက်၊ ကျင်းတူးဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းစဉ်များ အချိန်မီပြီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့နယ် အင်ကြင်းကုန်းကျေးရွာ ဟိုတယ်ဇုန်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အင်လေးကန်အတွင်းရှိ နေအိမ်နှင့် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးအတွက် မြန်မာ့သစ်လုပ်ငန်းမှ သစ်ခွဲသားများ ရောက်ရှိစုပုံထားမှုနှင့် ခွဲဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နေပြည်တော် မေ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၀၅ ဒသမ ၈၈ သန်းဖြင့် ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ မြေသားလမ်း ၁၃ လမ်း ဂျင်းကျောက်ခင်း၍ မြေသားလမ်း အဆင့်မြှင့်တင်ခြင်းနှင့် မြေသားထိန်း ကျောက်ရိုးနှစ်ဖက်စီခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အဆိုပါလမ်းပိုင်း ၁၃ ခု အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်မှုကြောင့် ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ရဟန်းသံဃာတော်များ၊ ဒေသခံပြည်သူများနှင့် မြန်မာပြည်အနှံ့အပြားမှ ဘုရားဖူးလာပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် ပိုမိုအဆင်ပြေချောမွေ့လာမှုကြောင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ပုဂံရှေးဟောင်း စေတီပုထိုးတော်များအား စိတ်လက်ချမ်းသာစွာ သွားလာဖူးမြော်ကြည်ညိုနိုင်သဖြင့် များစွာဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။ **သတင်းစဉ်**



☆ စာမျက်နှာ ၆ မှ

တောင်ဆူဒန်မှာ ဘာတွေဖြစ်နေလဲ ထပ်ကြည့်လိုက်ဦး။ သူတို့က ဘာပြဿနာကိုမှ မဖြေရှင်းနိုင်ဘူး။ အထူးသဖြင့် အန်ကယ်ကြီးတွေ ပါလာရင်ပိုဆိုးတယ်။ ယူကရိန်းကိုကြည့်ဦး။ အရှေ့အလယ်ပိုင်းကိုကြည့်ဦး။ သူတို့က ဘာမှအဓိပ္ပာယ်ရှိတဲ့ အကျိုးသက်ရောက်မှုမလုပ်နိုင်ဘူး။ အခု သူတို့က မြန်မာကိုလှည့်လာပြီ။ သူတို့ရဲ့ ပုံမှန်အနိုင်ကျင့်နေကျပစ်မှတ်ပဲ။

ဂျီနီဗာ ဇိမ်နဲ့နှပ်နေကြတဲ့ လူ့အခွင့်အရေး မကာကွယ်နိုင်သူတွေကတော့ လက်တွေ့ကမ္ဘာနဲ့ အဆက်အသွယ်ပြတ်နေတဲ့ အိပ်မက်ကမ္ဘာထဲမှာ နေကြတာ။ မြေပြင်မှာ သဘာဝဘေးအန္တရာယ်ရဲ့ ပျက်စီးမှုကို ကိုယ်တိုင်မြင်နေတဲ့ အဖွဲ့ကတော့ မြန်မာနိုင်ငံက ငလျင်ဒုက္ခသည်တွေကို အကူအညီပေးတာကို ဘာအတားအဆီးမှ မတွေ့ဘူးလို့ပြောတယ်။ ဒါပေမဲ့ အဝေးကြီးမှာဇိမ်ခံနေပြီး မြန်မာနဲ့ အဆက်အသွယ်ပြတ်နေတဲ့ လူ့အခွင့်အရေး မကာကွယ်ပေးနိုင်သူတွေကတော့ မြန်မာ့တပ်မတော်က အကူအညီတွေကို ပိတ်ဆို့နေတယ်လို့ ကြေညာချက်တွေ ထုတ်နေတယ်။ ဒါတွေအားလုံးက သူတို့ရဲ့ ကိုယ်ကျိုးအတွက်ပဲ။ ဒီစနစ်ကြီးတစ်ခုလုံးက မှားယွင်းနေတယ်ဆိုတာ အင်မတန် ထင်ရှားတဲ့သက်သေရှိပါတယ်။ အမေရိကန်၊ ရုရှား၊ တရုတ်လို အင်အားကြီးနိုင်ငံတွေကို ဒီလူ့အခွင့်အရေး မကာကွယ်ပေးနိုင်သူတွေနဲ့ပတ်သက်လို့ သူတို့အမြင်တွေကို မေးကြည့်လိုက်ဦး။ ကမ္ဘာရဲ့ ကံကြမ္မာက ဒီကိုယ်ကျိုးရှာ “လူ” အခွင့်အရေးသမားတွေပေါ်မှာ မူမတည်ဘူး။ စနစ်တစ်ခုလုံးက အတွင်းထဲကနေ ပုပ်နေပါပြီ။

မြန်မာနိုင်ငံရဲ့ လာမယ့်ရွေးကောက်ပွဲအတွက် ဒီကိုယ်ကျိုးရှာတဲ့လူတွေ ဒါမှမဟုတ် ပွင့်လင်းမြင်သာမှု၊ ဒီမိုကရေစီနဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲကို အားပေးရမယ်လို့ပြောတဲ့ နိုင်ငံတွေကို ဝင်ရောက်စွက်ဖက်ခွင့်မပေးပါနဲ့။ သူတို့က ဖုံးကွယ်ထားတဲ့ ရည်ရွယ်ချက်တွေနဲ့ ရောက်လာပြီး ဟိုလူပါရမယ်၊ ဒီလူပါရမယ် စသည်ဖြင့် ဆရာလုပ်လိမ့်မယ်။ သူတို့ကို အပြင်အပ ဝေးဝေးမှာထားပြီး မြန်မာအတွက် အကောင်းဆုံးဖြစ်မယ့်အရာကို ပြည်တွင်းအင်အား၊ မိတ်ဆွေနိုင်ငံတွေရဲ့ အကူအညီတွေနဲ့ လုပ်ဆောင်ကြရမှာ ဖြစ်ကြောင်းပါ။ ။

(၉-၄-၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ကျော်မြင့်ထွန်း (ပါရီ)၏ Don’t Let Them Interfere ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

# ပြန်ကြားရေးဝန်ကြီးဌာနရှိ ငွေလျှောင်ဘေးသင့်ဝန်ထမ်းများအတွက် အလိုတော်ပြည့်ဆရာတော်ကြီး၏ လက်ထောက်ဆရာတော် အရှင်ကုမာရဦးဆောင်သော အလိုတော်ပြည့်ကယ်ဆယ်ရေးအဖွဲ့က လူသားချင်းစာနာထောက်ထားမှုအကူအညီများ လာရောက်လှူဒါန်း

နေပြည်တော် ဧပြီ ၂၉

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် အလိုတော်ပြည့် ဆရာတော်ကြီး၏ လက်ထောက် ဆရာတော် အရှင်ကုမာရဦးဆောင် သော အလိုတော်ပြည့်ကယ်ဆယ် ရေးအဖွဲ့အား နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ သည်။

ရှင်းလင်းပြသ

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက ငလျင်လှုပ်ခတ်မှု ကြောင့် အဆောက်အအုံ ထိခိုက် ပျက်စီးမှု အခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး ဆောင်ရွက်မှုအခြေ အနေများ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ကူညီ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ယခုကဲ့သို့ ပစ္စည်းများ လာရောက်လှူဒါန်း မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း တင်ပြလျှောက်ထားပြီး ငလျင် ကြောင့် ဝန်ကြီးဌာန ရုံးအဆောက် အအုံ ထိခိုက်မှုများကို လိုက်လံ ရှင်းလင်းပြသသည်။

ယင်းနောက် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့် ကယ်ဆယ်ရေးအဖွဲ့က ထောက်ပံ့ ရေးပစ္စည်းများ ပေးအပ်လှူဒါန်း ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ နှင့် အမှတ်တရလက်ဆောင် ပစ္စည်းများ ပြန်လည်ပေးအပ် သည်။ ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့် ကယ်ဆယ်ရေးအဖွဲ့အား ဝန်ကြီး ဌာနမျက်နှာစာ၌ ဝန်ထမ်းများ အတွက် ယာယီဘာရာများ စနစ်တကျ တည်ဆောက်နေမှုကို လိုက်လံပြသခဲ့သည်။




သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း နိုင်ငံ့ဝန်ထမ်းများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်အတွင်းရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန များမှ နိုင်ငံ့ဝန်ထမ်းများအတွက် ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေး (Ora Vacs) တိုက်ကျွေးခြင်းလုပ်ငန်းကို ဆေးထိုး စုရပ်များဖြစ်သည့် စည်ပင်ဧည့်ရိပ်သာ(၁)၊ စည်ပင် ဧည့်ရိပ်သာ(၂)၊ ဇမ္ဗူသီရိမြို့နယ် ခုတင်(၅၀)ဆံ့ဆေးရုံ နှင့် ဥတ္တရသီရိမြို့နယ် ခုတင်(၅၀)ဆံ့ဆေးရုံတို့တွင် ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ ပထမအကြိမ်အဖြစ် ဆောင်ရွက်လျက်ရှိသော စည်ပင်ဧည့်ရိပ်သာ(၁)နှင့် စည်ပင်ဧည့်ရိပ်သာ(၂)သို့ သွားရောက်အားပေး သည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေး (Ora Vacs)ကို မန္တလေးငလျင်ကြီး ဘေးသင့်ဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ငလျင်ဘေးသင့်ပြည်သူများအား ဆက်လက် တိုက်ကျွေးသွားမည်ဖြစ်သည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ကာကွယ် ဆေး သောက်သုံးထားသော်လည်း သန့်ရှင်းသော သောက်သုံးရေ၊ လတ်ဆတ်သန့်ရှင်းသောအစား အစာ၊ သန့်ရှင်းသောအိမ်သာနှင့် လက်သန့်ရှင်းရေး သည် ပိုမိုအရေးကြီးသောကြောင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို အထူးဂရုပြုကြရန် ကျန်းမာရေး ဝန်ကြီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။



သတင်းစဉ်




သတင်းမီဒီယာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းအောင်နှင့်အဖွဲ့က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးနှင့်အဖွဲ့ထံသို့ အလှူငွေကျပ်သိန်း ၅၀ ကို ဧပြီ ၂၉ ရက်က မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီရုံး၌ ပေးအပ်လှူဒါန်းစဉ်။ ကြေးမုံ

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၂၉

မေ ၅ ရက်တွင် ကျရောက် မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ မီးသတ် တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်း တွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ သန့်ရှင်းသာယာလှပရေး ဆောင် ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာသူရဇော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှု အားပေးသည်။



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မီးသတ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးမျိုးမြင့်အောင် ဦးဆောင်၍ သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၉၀ ခန့်က ပြည်သူ့ဆေးရုံ ပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရန် ဆေးရုံဝင်းအတွင်း ပေါက်ရောက် နေသော မြက်ပင်၊ ချုံနွယ်များကို ရှင်းလင်းခြင်း၊ ဆေးရုံအဆောက် အအုံနှင့်မလွတ်သော သစ်ပင် အကိုင်းအခက်များ ခုတ်ထွင် ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖွဲ့မင်းထက်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဧပြီ ၂၉**

ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတို့မှ အသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ငလျင်ဘေးသင့်ဒေသများတွင်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသည် မဖြစ်မနေလိုအပ်သော ပစ္စည်းများဖြစ်ပြီး ငလျင်ဖြစ်ပွားရာဒေသများကို စုံစမ်းကြည့်ရာတွင် လိုအပ်ချက်အရ ဈေးနှုန်းကြီးမြင့်ကွာခြားမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ ငလျင်ဘေးသင့်ဒေသများတွင် တည်ဆောက်ရေးပစ္စည်းများ အရည်အသွေးပြည့်မီပြီး ဈေးနှုန်းမှန်ကန်စွာဖြင့် လုံလောက်စွာရရှိနိုင်ရေး၊ အချိန်မီရရှိနိုင်ရေးအတွက် ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း၊ တက်ရောက်လာသည့် ဌာနများနှင့် အသင်းများကလည်း ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ငလျင်ဘေးသင့် အဆောက်အအုံများကို ပြင်းအားရစ်(ချ်)တာစကေး ၈ အဆင့် ဒဏ်ခံနိုင်ရန် ပြန်လည်တည်ဆောက်ရာတွင် အရည်သွေးမှန်ကန်သည့် ပစ္စည်းများ အသုံးပြုနိုင်ရေးနှင့် ဈေးနှုန်းသက်သာစေရေး၊ အာမခံချက်ရှိသည့် ပစ္စည်းများကို လွယ်ကူလျင်မြန်စွာ ဝယ်ယူအသုံးပြုရေးနှင့် အဆောက်အအုံများ မြန်ဆန်စွာဆောက်လုပ်နိုင်ရေး ရည်ရွယ်၍ ဈေးရောင်းပွဲတော် ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ အဆိုပါဈေးရောင်းပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကျင်းပသွားမည်ဖြစ်ရာ သက်ဆိုင်ရာအသင်းများ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သက်ဆိုင်ရာအသင်းများက ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချရာတွင် အမှန်တကယ်လိုအပ်သူများကို ရောင်းချပေးနိုင်ရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အရည်အသွေးပြည့်မီသည့် ပစ္စည်းများရရှိရေးတို့အတွက် တာဝန်ယူ၊ တာဝန်ခံ၍ ရိုးသားစွာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော် အောင်မြင်စွာဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Grouting ဘိလပ်မြေထုတ်လုပ်သည့် Sika Myanmar Limited နှင့် Aung Pyitan Co., Ltd. တို့ကလည်း လက်ရှိဆောင်ရွက်နေမှု၊ ဘိလပ်မြေဝယ်လိုအား မြင့်တက်လာသည့်အတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု၊ ဈေးရောင်းပွဲတော်တွင် ဈေးနှုန်းလျှော့ချရောင်းပေးမည့်အခြေအနေနှင့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)နှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)ပထမနေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၌ စတင်ကျင်းပရာ ဗဟိုကောင်စီဝင် ၅၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ် ၁၁၀ တို့ တက်ရောက်ကြပြီး ဗဟိုကောင်စီဝင် ၁၈ ဦးနှင့် ညီလာခံကိုယ်စားလှယ် ၁၄၇ ဦးတို့က သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်မှ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။



**ဦးညွှတ်ဂါရဝပြု**

ဦးစွာ သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)နှင့် သဘာပတိအဖွဲ့ဝင်များက သတ်မှတ်နေရာများတွင် နေရာယူကြပြီး မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးရမှုများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ၏အစီရင်ခံစာကို ဗဟိုအမှုဆောင်အဖွဲ့ဝင် တွဲဖက်အတွင်းရေးမှူး(၁) ကလည်းကောင်း၊ ဗဟိုအမှုဆောင်အဖွဲ့၏ ဖွဲ့စည်းရေးဆိုင်ရာ စာတမ်းနှင့် ပြောင်းရွှေ့နေထိုင်ရသည့် မြို့နယ်အမှုဆောင်အဖွဲ့များ တာဝန်ထမ်းဆောင်နိုင်ရေးနှင့် ပြောင်းရွှေ့နေထိုင်ရသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်များ စနစ်တကျရှိစေရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာများ ပံ့ပိုးနိုင်ရေးစာတမ်းကို ဗဟိုအမှုဆောင်အဖွဲ့ဝင် အတွင်းရေးမှူးကလည်းကောင်း ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့၏ လစ်လပ် ဗဟိုကောင်စီဝင်များ ရွေးကောက် တင်မြှောက်ခြင်း၊ ဗဟိုကောင်စီဝင်အမည်စာရင်းကို ကြေညာခြင်း၊ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် ညီလာခံဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးကို အတည်ပြုခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၏ ရာထူး/တာဝန်များ အတည်ပြုခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အထူးညီလာခံ ပထမနေ့ အစီအစဉ်များကို ရပ်နားခဲ့ကြောင်းနှင့် ဗဟိုကောင်စီနှစ်ပတ်လည် အစည်းအဝေးကို ဧပြီ ၂၈ ရက်တွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၉**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၂၀)ရပ်ကွက် ကန်တော် မင်္ဂလာလမ်းရှိ မြို့နယ်ကျက်သရေဆောင် ဆုတောင်းပြည့် အောင်ဗောဓိစေတီတော်ကြီးတွင် ယနေ့နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိုးနိုင် ဦးဆောင်ကြီးကြပ်လမ်းညွှန်မှုဖြင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဘုရားဂေါပကအဖွဲ့များက စေတီတော်ကြီး၏ အထက်ပစ္စယံတွင် အမှိုက်များရှင်းလင်းခြင်း၊ ရေသပ္ပါယ်ခြင်း၊ ဘုရားရင်ပြင်တော်တွင် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ ရေပိုက်များဖြင့် ရင်ပြင်တော်ရေဆေးခြင်းများကို ကုသိုလ်ပြုဆောင်ရွက်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဂေါပကနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေး ကုသိုလ်ယူကြကြောင်း သိရသည်။

**နေမျိုးအောင်**



ကြေးမုံ

ဧပြီ ၃၀၊ ၂၀၂၅

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မန္တလေး ဧပြီ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြစ်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးမြို့ မင်္ဂလာစေတီမှ အင်းဝမြို့ဟောင်း တတိယမြို့ရိုးသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ဘကြီးတော်မင်းတရားကြီးလက်ထက် မင်းသားကြီးမောင်အိုက အေဒီ ၁၈၂၇ ခုနှစ်တွင် ပြုပြင်ဖောက်လုပ်ထားသည့် မဟာဇေယျပထမောင်အိုအုတ်လမ်းသို့ ရောက်ရှိပြီး မောင်အိုအုတ်လမ်း ပြန်လည်ဖော်ထုတ်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန် ညှိနှိုင်းထားပြီးဖြစ်ကြောင်းနှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တောင်ပေါ်တိုက်ဘုရားစုများဖြစ်သည့် ရှေးဟောင်းအဆောက်အအုံ အမှတ် ၂၃၃၊ ၂၃၄ ငလျင်ကြောင့် ပျက်စီးနေမှုများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အေဒီ ၁၆၀၂ ခုနှစ်တွင် ညောင်ရမ်းမင်းတည်ခဲ့သော မဟာမြတ်မုနိဘုရား (ခေါ်) စန္ဒာမုနိဘုရားတွင် ရန်ကုန်မြို့မှ ဆရာတော် ဦးပညာသာရ ဦးစီးသော ပရဟိတအဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကို လည်းကောင်း၊ လေးထပ်ကြီးဘုရား ငလျင်ဒဏ်ကြောင့် ပြိုပျက်မှုအခြေအနေကိုလည်းကောင်း၊ အေဒီ ၁၇၃၃ ခုနှစ်တွင် တည်ထားခဲ့သည့် လောကသရဖူဘုရား ထိခိုက်ပျက်စီးမှုအခြေအနေကိုလည်းကောင်း၊ အင်းဝရှေးဟောင်းသုတေသနပြတိုက် ထိခိုက်ပျက်စီးခဲ့မှုများကိုလည်းကောင်း၊ အေဒီ ၁၇၈၂ ခုနှစ် ဘိုးတော်ဘုရားလက်ထက်က ကျွန်းတိုင် ၂၆၇ လုံးဖြင့် တည်ဆောက်ခဲ့သည့် ဗားကရာသစ်သား ကျောင်းတော်ကြီးကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဆိုင်ရာများကို မှာကြားသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက မန္တလေး၊ အင်းဝ၊ ပင်းယ၊ ပလိပ်၊ မက္ခရာ၊ စစ်ကိုင်း စသည့် ဒေသများရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အဖွဲ့ ရှစ်ဖွဲ့ ဖွဲ့စည်း၍ UNESCO Guide Line နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး Assessment များ ကောက်ယူလျက်ရှိကြောင်း၊ ရှေးဟောင်းအဆောက်အအုံများကို ဦးစားပေးအဆင့် သတ်မှတ်ခွဲခြားလျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် ပုဂံငလျင်ဖြစ်ပွားခဲ့ပြီးနောက် UNESCO ပညာရှင်များ လာရောက်ပြုစုသင်ကြားပေးခဲ့သည့် ပုံစံ၊ စနစ်၊ ဇယားများအား မှီငြမ်းနမူနာယူ၍ ရှေးဟောင်းစေတီ၊ ပုထိုးများ၏ ဗိသုကာနှင့် အနုပညာလက်ရာများကို စိစစ်မှတ်တမ်းပြုစုလျက်ရှိကြောင်း၊ အင်းဝဒေသသည် ရှေးဟောင်းအဆောက်အအုံ ၉၆၁ ခုရှိသည့်အနက် ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံ ၆၁၄ ခုစစ်ဆေးတွေ့ရှိကာ စာရင်းကောက်ယူပြီးစီး၍ အသေးစိတ်စာရင်းသွင်းမှု ၅၀၀ ကျော် ပြီးစီးပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ Grading ခွဲပြီးပါက ပြုပြင်ထိန်းသိမ်းခြင်းကို ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာပညာရှင်များ၏ အကြံပြုချက်များနှင့် အဆင့်သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပထမအင်းဝခေတ်က မင်းကြီးစွာ စော်ကဲ အေဒီ ၁၃၇၀ တွင် တည်ထားခဲ့ပြီး ညောင်ရမ်းမင်းအဆင့်ဆင့် အထူးအလေးထားကိုးကွယ်ခဲ့သည့် အင်းဝရွှေစည်းခုံစေတီတော်သို့ ရောက်ရှိပြီး ယခင်ရှေးခေတ်ကာလခေတ်အဆက်ဆက်ကလည်း ပြိုကျပျက်စီးမှုရှိခဲ့သည့် မှတ်တမ်းများရှိသည်နှင့်အညီ ယခုငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို စနစ်တကျရှင်းလင်း၍ နောင်ငလျင်ဒဏ်ခံနိုင်ရန်ပါ ထည့်သွင်းတွက်ချက်ကာ ပြန်လည်ပြုပြင်တည်ဆောက်သွားရန်ဖြစ်ကြောင်း ဂေါပကအဖွဲ့အား မှာကြားပြီး စေတီကြီး ထိခိုက်ပျက်စီးမှုရှင်းလင်းရေးနှင့် ပြုပြင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မဟာရတနာဘုံမ်သာ သစ္စာတိုက်ဘုရားကိုလည်းကောင်း၊ စတုတ္ထအင်းဝမြို့တည် ဘကြီးတော်မင်း အေဒီ ၁၈၂၂ တွင် တည်ဆောက်ခဲ့သည့် အမြင့်ပေ ၆၀ ရှိသည့် နန်းမြင့်မျှော်စင် ပြိုကျပျက်စီးနေမှုကိုလည်းကောင်း၊ အေဒီ ၁၈၂၂ တွင် ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုတို့ဆောက်လုပ်လှူဒါန်းခဲ့သည့် အောင်မြေဘုံစံအုတ်ကျောင်း(ခ) မယ်နုအုတ်ကျောင်းကိုလည်းကောင်း၊ ထီးလှိုင်ရှင်ဘုရားစုထိခိုက်ပြိုပျက်နေမှုကိုလည်းကောင်း၊ အင်းဝရွှေနန်းကျော့ရှင် နရပတိ၏ နန်းတည်ကျောက်စာကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်ဆိုင်ရာများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီး၏ လျာထားစိုက်ကေပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ






**နေပြည်တော် ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး၏ လျာထားစိုက်ဧကပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၇ ရက် ညနေပိုင်းက ပုသိမ်မြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းကြိုးပမ်း**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်မှုရှိခဲ့သည့် ဒေသများရှိ သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှု မရှိသော်လည်း မြေဆီလွှာပြောင်းလဲမှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် သီးနှံအထွက်နှုန်း အထိုက်အလျောက်ကျဆင်းနိုင်မှုကို ကာမိစေရန် ငလျင်ဒဏ်သက်ရောက်မှု မရှိသလောက် နည်းပါးခဲ့သည့် ဧရာဝတီတိုင်း ဒေသကြီး၌ နွေစပါးနှင့်သီးနှံများ ရိတ်သိမ်းရာတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် မိုးသီးနှံလျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးကို ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ အရင်းမပျောက် မတည်ငွေအဖြစ် ကော်မတီမှ ထုတ်ပေးထားသော ချေးငွေများကို သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ကောက်ခံရရှိရေး တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်တွင်း အသားစားသုံးမှုဖူလုံရေးနှင့် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်မြေဒေသအလိုက် စွမ်းအားပြည့်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး စနစ်တကျစီမံ ဆောင်ရွက်နိုင်ရန် မြို့နယ်၊ ခရိုင်အလိုက် တာဝန်ရှိသူများက ပကတိအခြေအနေမှန်ကို ပြုစုတင်ပြ ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရ၏ အနီးကပ်ကြီးကြပ်မှု၊ သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စနစ်ကျသော ငါးပုစွန် ဖမ်းဆီးမှု၊ စနစ်ကျသော ငါးပုစွန် မွေးမြူထုတ်လုပ်မှုဖြစ်စေရေး စီမံဆောင်ရွက်ရန် လိုကြောင်း၊ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ အနေဖြင့် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် ချမှတ်ထားသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သီးနှံများ အလေအလွင့်မရှိ ရိတ်သိမ်းခြွေလှေ့နိုင်ရေးအတွက် လိုအပ်သောစက်ကိရိယာအသုံးပြုနိုင်ရေး၊ နည်းပညာအသိပညာပေးရေးဆောင်ရွက်နေမှု၊ နှစ်အလိုက် သီးနှံစိုက်ပျိုးထွက်ရှိမှု၊ ဈေးကွက်အခြေအနေနှင့် တောင်သူ့အကျိုးအမြတ် တွက်ချက်စီမံဆောင်ရွက်နေမှု၊ အဓိကသီးနှံ ၁၀ မျိုး လျာထားဧကပြည့် စိုက်ပျိုးနိုင်ရေးနှင့် သီးနှံစုံပန်းတိုင်အထွက်ရရှိရေးအတွက် မျိုးစေ့၊ သွင်းအားစုနှင့် လိုအပ်သည့် ကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်နေမှုများ၊ စားသုံးဆီဖူလုံရေးအတွက် သီးနှံအထွက်နှုန်းအပြင် ဆီထွက်နှုန်းမြင့်မားရေးစီမံဆောင်ရွက်နေမှု၊ ပျားမွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့စွာဆောင်ရွက်နိုင်ရေး၊ ဧရာဝတီတိုင်းဒေသကြီး၏ သားငါးမွေးမြူထုတ်လုပ်မှု တိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး အားပေးဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များ နှင့် တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး စီမံဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး စိုက်ပျိုးမွေးမြူသူ တောင်သူများအကျိုးနှင့် စားသုံးသူပြည်သူများ စားရေရိက္ခာဖူလုံစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်  ဧပြီ  ၂၉**

ယာယီ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ခေါင်းစဉ်ဖြင့် နိုင်ငံရေးပါတီ လေးပါတီက ဦးဆောင်၍ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် Orchid ဟိုတယ်၌ ကျင်းပသည်။

**ဦးဆောင်ဆွေးနွေး**

စကားဝိုင်း ဆွေးနွေးပွဲတွင် သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးသိန်းထွန်းဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ခေါင်းစဉ်ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးလှသိန်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဦးအေးလွင်တို့က ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးမှု အကြောင်းအရာများအပေါ် တက်ရောက်လာကြသည့် မီဒီယာများနှင့် စိတ်ပါဝင်စားသူများက မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယနေ့ဆွေးနွေးပွဲတွင်ဦးဆောင်ဆွေးနွေးသူများက နိုင်ငံတကာတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် နိုင်ငံသားအချင်းချင်း ဆွေးနွေးညှိနှိုင်းအဖြေရှာမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိခဲ့သော သာဓကများ၊ ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တပ်မတော်၊ ပြည်သူနှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ခံယူချက် သဘောထားများ အရေးကြီးမှု၊ လာမည့်ရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုများချုပ်ငြိမ်းပြီး နယ်မြေတည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များ၊



တပ်မတော်အင်အား တောင့်တင်းခိုင်မာရန် နိုင်ငံရေးပါတီများနှင့် မီဒီယာများက ပြည်သူအား သတင်းမှန်၊ ဖြစ်ရပ်မှန်များကို အသိပေးရေး၊ မီဒီယာနှင့် နိုင်ငံရေးပါတီများက တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ယုံကြည်ချက် ခံယူချက်ကောင်းမွန်ရန် လိုအပ်မှု၊ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍနှင့် လက်ရှိကာလ ပထဝီနိုင်ငံရေးဆိုင်ရာများအပေါ်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မည်သို့လုပ်ဆောင်ရမည်စသည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သိသာထင်ရှားသော အောင်မြင်မှုမျိုး မတွေ့ရသည့်အချိန်တွင် နိုင်ငံရေးအသိအမြင် ပြည့်ဝသောနိုင်ငံရေးသမားများ၏ အထောက်အကူသည် အဓိကလိုအပ်ချက် ဖြစ်လာကြောင်း၊ ယခုကဲ့သို့သောပွဲမျိုးမှ ပြည်သူတို့ထံ နိုင်ငံရေးဗဟုသုတများ ပေးနိုင်စေရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ လတ်တလောဖြစ်ပေါ်နေသည့် ငလျင်ဘေးဒဏ်ကြောင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲမှုကို နိုင်ငံတော်က ထပ်မံတိုးမြှင့်ရပ်စဲထားခဲ့ကြောင်း၊ ထာဝရပစ်ခတ်ရပ်စဲမှုတွင် လက်နက်ကိုင်လမ်းစဉ်သည် ပြည်သူကိုအထိနာမှု အများဆုံးဖြစ်ပေါ်စေ၍ ယခုဆွေးနွေးပွဲမှအသိတစ်ခုရရှိကာ ငြိမ်းချမ်းရေးလမ်းစဉ်ကို သွားစေလိုကြောင်း၊ ထာဝရပစ်ခတ်ရပ်စဲရေးမှ ထာဝရငြိမ်းချမ်းရေး စကားရပ်နှင့် လျော်ညီသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုကို ရှေးရှု၍ ပြည်သူလူထု၏ဘဝများကို စာနာစိတ်၊ ကရုဏာထောက်ထားကာ ရွေးကောက်ပွဲမှ နိုင်ငံရေးကို အဖြေရှာသော နည်းလမ်းအား သွားစေလိုကြောင်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အတွက် အတိုင်းအတာ တစ်ခုအထိ အထောက်အပံ့ ဖြစ်စေမည်ဟု ယုံကြည်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**


ငြိမ်းချမ်းရေး စကားဝိုင်းသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ အပါအဝင် ရန်ကုန်အခြေစိုက် နိုင်ငံရေးပါတီ ၁၂ ခုမှ တာဝန်ရှိသူများ၊ လေ့လာသူများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

၃၀-၄-၂၀၂၅ ရက်နေ့   ၁-၅-၂၀၂၅ ရက်နေ့




**နေပြည်တော်  ဧပြီ  ၂၉**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**


၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

၂-၅-၂၀၂၅ ရက်နေ့   ၃-၅-၂၀၂၅ ရက်နေ့




၄-၅-၂၀၂၅ ရက်နေ့အတွက် မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

၄-၅-၂၀၂၅ ရက်နေ့






# ဖျာပုံခရိုင်၌ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ဖျာပုံ  ဧပြီ  ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနက (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ခရိုင်အတွင်း မီးသတ်ဦးစီးဌာနများရှိ တပ်ဖွဲ့ဝင်များစုပေါင်း၍ သွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဖျာပုံခရိုင် ပြည်သူ့ဆေးရုံ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်အတွင်း မြို့နယ်များရှိ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က သတ်မှတ်နေရာများတွင် စုပေါင်းသွေးလှူဒါန်းခဲ့သည်။ သွေးလှူဒါန်းနေမှုအား ဖျာပုံခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ ဖျာပုံခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ပြီးသွေးလှူရှင်များအား စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကာ ခရိုင်ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဧရာဦးသာ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

**မုံရွာ မေ ၂၉**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးတက္ကသိုလ်၌ အဖြေလွှာများ မီးလောင်ပျက်စီးခဲ့ရာ အဆိုပါဖြစ်စဉ်ကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို မေ ၂၈ ရက် နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မြတ်သလ္လာခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူး၊ မုံရွာတက္ကသိုလ်ပါမောက္ခချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်စွာ ကျင်းပဖြေဆိုနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စခန်းသွင်း သင်ကြားနေချိန်ကာလအတွင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းအုပ်ဆရာမကြီးထံ ငွေကျပ်သိန်း ၁၀၀၀ ကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူ ၄၅၄ ဦးအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်ပြီး ကျောင်းအုပ်ကြီး၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော မန္တလေးမြို့ သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လတ်တလောပြင်ဆင်ရမည်များကို အမြန်ဆောင်ရွက်ကြရန်၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေသော သုံးထပ် စာသင်ဆောင်အား သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြီးခဲ့သည့်စာသင်နှစ်တွင် တက္ကသိုလ်ပေါင်းကူးခွင့် အရည်အချင်းမမီသော သင်တန်းသား သင်တန်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ချိတ်ဆက်ဆောင်ရွက်ပေးရေး၊ လာမည့်စာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ နေထိုင်စားသောက်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ယာယီရုံးသို့ သွားရောက်၍ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် အသင်းရုံး ပြိုကျပြီး အသက်ဆုံးရှုံးခဲ့သည့် ဝန်ထမ်းခုနစ်ဦး၏ ကျန်ရစ်သူ မိသားစုဝင်များကို တွေ့ဆုံအားပေးစကား ပြောကြားကာ သမဝါယမအသင်းများ၏ ကူညီပံ့ပိုးငွေများ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စစ်ကိုင်းမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကား နှစ်စီးဖြင့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် သောက်သုံးရေဖြန့်ဝေပေးနေမှုကို လည်းကောင်း၊ စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး ခြံစည်းရိုး ပြိုကျပျက်စီးမှုနှင့် ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူးရုံး ပြန်လည်ပြုပြင်တည်ဆောက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (စစ်ကိုင်း) ပင်မအဆောက်အအုံနှင့် ဘွဲ့နှင်းခန်းမ ထိခိုက်ပျက်စီးမှုကိုလည်းကောင်း၊ စာသင်ဆောင်များနှင့် ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများကို လည်းကောင်း၊ လာမည့်စာသင်နှစ်တွင် နေရာချထားပေးမည့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

**ပေးအပ်လှူဒါန်း**

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် စစ်ကိုင်းခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် လည်းကောင်း၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် လည်းကောင်းတွေ့ဆုံ၍ ဝန်ထမ်းမိသားစုများ နေရာချထားရေး၊ တက္ကသိုလ် ပြန်လည်ဖွင့်လှစ်ချိန်တွင် ရုံးဌာနများနေရာ သတ်မှတ်ချထားရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများ အသုံးပြုရန်အတွက် Life Straw သောက်ရေသန့်စက်နှစ်လုံး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့တို့တွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂-၅-၂၀၂၅ ရက်မှ ၆ - ၆ - ၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# လာမည့်သီတင်းပတ်အတွင်း အပစ်အခတ်ခေတ္တရပ်စဲမည်ဟု ရုရှားသမ္မတပြောကြား



မော်စကို မေ ၉

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် လာမည့်သီတင်းပတ်အတွင်း စတင်အကျုံးဝင်မည့် သုံးရက်ကြာ အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံက ယူကရိန်းအပေါ် အထူးစစ်ဆင်ရေးဆင်နွှဲနေမှုများကို ၎င်းသုံးရက်တာကာလအတွင်း ရပ်ဆိုင်းမည်ဖြစ်သည်။

ယခင်ဆိုဗီယက်ပြည်ထောင်စုက နာဇီဂျာမနီတို့အပေါ် အောင်ပွဲရရှိခဲ့သည့် မေ ၉ ရက်သည် ရုရှားနိုင်ငံ၏ အဓိကအားလပ်ရက်ဖြစ်ကာ ယခုနှစ်တွင် အဆိုပါအောင်ပွဲ နှစ် (၈၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးကာလသည် မေ ၈ ရက်မှ မေ ၁၀ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။ ၎င်းကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲမည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်ကပြောကြားခဲ့ပြီး ယူကရိန်းတပ်ဖွဲ့အား ထိုကာလတွင် အပစ်အခတ်ရပ်စဲရေး လိုက်နာဆောင်ရွက်ရန်ပန်ကြားခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချရန်အတွက် ကမ္ဘာ့နိုင်ငံများလက်တွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု ပါကစ္စတန်ပြောကြား



အစ္စလာမာဘတ် မေ ၉

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချရန်အတွက် ပြီးပြည့်စုံသည့် ရာသီဥတုဆိုင်ရာ မဟာဗျူဟာများကို ကမ္ဘာ့နိုင်ငံများ လက်တွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မူဆာဒတ်မာဆိမာလစ်က ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် ရေအရင်းအမြစ်များစီမံခန့်ခွဲခြင်း၊ သဘာဝဘေးကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်သည့် စိုက်ပျိုးရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်သည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံအတွင်း ထိခိုက်မှုများရှိခဲ့ကြောင်း၊ အပူချိန်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်းနှင့် ရေခဲများအရည်ပျော်ခြင်းစသည့် ဖြစ်ရပ်များကြောင့်ရေရရှိရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများရှိလာသည်ဟု ၎င်းက ပြောကြားသည်။

၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံအတွင်းပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု ၆၀ ရာခိုင်နှုန်းအထိ ရှိလာစေရေးအတွက် လျှပ်စစ်ကားသုံးစွဲမှုကို မြှင့်တင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပါကစ္စတန်အနေဖြင့် ၎င်းရည်မှန်းချက်များ အောင်မြင်စေရေးအားထုတ်ရာတွင် မိမိတစ်နိုင်ငံတည်းအားဖြင့် မဆောင်ရွက်နိုင်သဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများက ၎င်းရည်မှန်းချက်များအောင်မြင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဂါဇာဒေသမြောက်ပိုင်းတွင် အစ္စရေးအား ဆန့်ကျင်ဆန္ဒဖော်ထုတ်

ဂျေရုဆလင် မေ ၉

ဂါဇာဒေသမြောက်ပိုင်း ဗိလာဟီယာမြို့ရှိလမ်းများတွင် ရာနှင့်ချီသည့် ပါလက်စတိုင်းအမျိုးသမီးများနှင့်ကလေးများက အစ္စရေး၏ ဂါဇာဒေသအား စစ်ဆင်နွှဲတိုက်ခိုက်နေခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြတ်တောက်ခြင်းတို့ကို ရပ်တန့်ရန် မေ ၂၈ ရက်က ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ဆန္ဒပြသူများသည် အာရပ်ဘာသာဖြင့် အိုးမဲ့အိမ်မဲ့ဖြစ်မှုများ၊ သတ်ဖြတ်ခြင်းနှင့် သွေးထွက်သံယိုဖြစ်မှုကို ရပ်တန့်ရန်လိုလားသည်ဟူသောစာတမ်းများကို ကိုင်ဆောင်ခဲ့ကြပြီး ဂါဇာကမ်းမြောင်စစ်ပွဲကို အဆုံးသတ်ရန်တောင်းဆိုသည့် ကြွေးကြော်သံများကိုလည်း ကြွေးကြော်ခဲ့ကြသည်။

အစ္စရေး၏ ပိတ်ဆို့တားဆီးမှုကြောင့် ငတ်ပြတ်သေဆုံးနေရသည့် ကလေးများအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက အရေးယူဆောင်ရွက်ရန် ဂါဇာပြည်သူများအတွက် မိမိတာဝန်ထမ်းဆောင်ခြင်းဖြစ်သည်ဟုဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သူ အသက် ၃၉ နှစ်အရွယ် ကလေးမိခင်တစ်ဦးက ပြောကြားခဲ့သည်။

အစ္စရေးသည် မတ် ၂ ရက်မှစတင်၍ ဂါဇာကမ်းမြောင်သို့ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအားလုံးကို ရပ်တန့်ထားခဲ့ကာ ဟားမတ်စ်နှင့် အပစ်အခတ်ရပ်စဲရေးကို မတ် ၁ ရက်တွင်အဆုံးသတ်ခဲ့ပြီး လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကိုပြန်လည်စတင်ခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အီရန်နိုင်ငံ၏အခြေခံအဆောက်အအုံအပေါ် ဆိုက်ဘာတိုက်ခိုက်မှုကို ဟန့်တားနိုင်ခဲ့

တီဟီရန် မေ ၉

အီရန်နိုင်ငံ၏ အခြေခံအဆောက်အအုံအပေါ် ဆိုက်ဘာတိုက်ခိုက်မှုကို ဟန့်တားနိုင်ခဲ့ကြောင်း အီရန်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လက်ထောက်ဝန်ကြီး ဗီဇက်အကာဗီက မေ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံ၏အခြေခံအဆောက်အအုံအပေါ်ရှုပ်ထွေးသော ဆိုက်ဘာတိုက်ခိုက်မှုတစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်ဟု ၎င်းက လူမှုမီဒီယာပလပ်ဖောင်းအိက်စ်တွင် ပြောကြားခဲ့သည်။




၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် အီရန်နိုင်ငံရှိဓာတ်ဆီဆိုင်အချို့ရှိကွန်ပျူတာများတွင် ဆိုက်ဘာတိုက်ခိုက်မှုဖြစ်ပွားခဲ့ကာ ၂၀၂၂ခုနှစ်နိုဝင်ဘာလတွင် အီရန်နိုင်ငံ၏ မဟာန် လေကြောင်းလိုင်းအား ဆိုက်ဘာ တိုက်ခိုက်ခံခဲ့ရကြောင်း တာဝန်ရှိသူများကပြောကြားသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အီရန်နိုင်ငံတစ်ဝန်းရှိ လောင်စာဆီဆိုင်အများစုတွင် ထောက်ပံ့ရေးဝန်ဆောင်မှုများ ပြတ်တောက်သွားခဲ့ပြီး ၎င်းတိုက်ခိုက်မှုကို အစ္စရေးနှင့် ဆက်နွှယ်နေသည့် ဟက်ကာအဖွဲ့ဖြစ်သည့် ဂိုဂျန်ကီဒါယန်ကီအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# စပိန်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်

မဒရစ် မေ ၂၉

စပိန်နိုင်ငံတွင် ယမန်နေ့က လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့သဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

မဒရစ်မြို့ရှိ လမ်းအချက်ပြမီးများ ရပ်ဆိုင်းသွားခဲ့သဖြင့် မော်တော်ယာဉ် သွားလာမှုများ ရပ်ဆိုင်းကာ မဒရစ်နှင့်ဘာစီလိုနာရှိ မြေအောက်ရထား ပြေးဆွဲမှုများလည်း ရပ်တန့်ခဲ့သည်။

ထို့ပြင် ရုံးဌာနအဆောက်အအုံများတွင်လည်း လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သဖြင့် ဓာတ်လှေကားများ ရပ်တန့်ကာ လုပ်ငန်းနှောင့်နှေးမှုများ ဖြစ်ခဲ့သည်။ ပေါ်တူဂီနိုင်ငံတွင်လည်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့သဖြင့် နေ့စဉ်လုပ်ငန်းများနှောင့်နှေးခဲ့သည်။ လျှပ်စစ်ဓာတ်အား ပြတ်တောက်ရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဟားမတ်စ်အဖွဲ့က အဆိုပြုလာသည့် ငါးနှစ်ကြာ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်အား အစ္စရေးပယ်ချ

ဂျေရုဆလင် မေ ၂၉

ဟားမတ်စ်အဖွဲ့က အဆိုပြုလာသည့် ငါးနှစ်ကြာအပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ပယ်ချခဲ့သည်ဟု အစ္စရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**တာဝန်ရှိသူကပြောကြား**

အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်တွင်ပါဝင်သည့် အချက်အလက်များသည် အာရပ်နိုင်ငံများ၏ စိတ်ကူးစိတ်သန်းများ လွှမ်းမိုးနေပြီး အစ္စရေးကိုလှည့်စားကာ ခဏတာ အပစ်အခတ်ရပ်စဲရေးကို ဟန်ပြဆောင်ရွက်ခြင်းဖြစ်ကာ ၎င်းအချိန်တွင် လက်နက် ပြန်လည်စုဆောင်း၍ အစ္စရေးအား ပြန်လည်တိုက်ခိုက်ရန်ဖြစ်ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

ကိုင်ရိုတွင် မကြာသေးမီက တွေ့ဆုံဆွေးနွေးမှုအတွင်း အစ္စရေးဓားစာခံများကို လွှတ်ပေးရန် ဟားမတ်စ်က ဆောင်ရွက်မည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အစ္စရေးက ငါးနှစ်ကြာအပစ်အခတ်ရပ်စဲရေး ဆောင်ရွက်မည်ဟု ဟားမတ်စ်တာဝန်ရှိသူ ခါလစ်အယ်လ်ဟာယာက ပြောကြားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်အဖွဲ့က ဂါဇာဒေသအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးနှင့် ဟားမတ်စ်အကြား အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ လက်ရှိအချိန်ထိ ဂါဇာဒေသခံအများအပြား သေဆုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၉

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သင်းခွေချပ်ကြေးခွံ ၆၄ ပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀၀)ကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Myanmar Yangon Truck တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်



သာကေတဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၉၉၂၃၆) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Mon Hla ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၃၉၉၂၃၆ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧပြီ ၂၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဆွတ်ငိုင်တောင်နယ်မြေရှိ ကုန်တင်ကုန်ချစခန်း၊ ယာဉ်ရပ်နားကွင်းအတွင်း စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၃၀၀၀၀)ကိုလည်းကောင်း၊ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် စက်မှုဇုန်နယ်မြေ လမ်းသွယ်(၇)ရှိ ခြံအမှတ်(၁၁၃) နှင့် (၁၁၄)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၄၈၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၇၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ရေပူကျေးရွာ မွေးမြူရေးဇုန်ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၃၀၇၈ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်-ကျိုင်းတုံ ကားလမ်း၊ မလိပါကောလမ်းဘေးအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ် မင်းရွာအနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၉၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၁၃၉ တန်၊ သစ်မာ ၄ ဒသမ ၆၄၃ တန်၊ အခြားသစ် ၅ ဒသမ ၃၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၃၀၃၂)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၀၃၀၃၂ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၂၃၂၃၃၄၆)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၄-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | လေ့လာစရာစုံလင် အဓိမြန်ပြည်တစ်ခွင် 'မြန်ဆုံဦးမယ် ဒေါ်လန်ပွားရယ်' |
| ၀၉:၁၀ | သုတပဒေသာ စိုက်ပျိုးနည်းပညာ |
| ၁၁:၁၅ | ကမ္ဘာတစ်လွှား အနုပညာသတင်းများ |
| ၁၁:၃၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၉) |
| ၁၃:၁၀ | သီချင်းကြိုးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လျှစွမ်းကောင်းများဒေဝတ်' (အပိုင်း-၁၁) |
| ၁၅:၃၀ | Weekly Soccer Preview |
| ၁၆:၄၀ | မျိုးဝက်တင့်စေဆိုကရေးတီးအမွေ |
| ၁၇:၁၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ |
| ၁၇:၃၅ | NEXT LEVEL |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | ဆုတောင်းမေတ္တာတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ' (အပိုင်း-၂) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၁၀ | ဆုတောင်းမေတ္တာတေးကမ္ဘာ |
| ၂၁:၃၀ | (၃၈)ဖြာမင်္ဂလာ 'အတ္တသမ္မာပဏိဓိ စ' (မိမိကိုယ်ကိုကောင်းစွာဆောက်တည်ခြင်း) |
| ၂၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လျှစွမ်းကောင်းများဒေဝတ်' (အပိုင်း-၁၃) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: (Seint Nay Chi) |
| 07:08 | Innovative Handiworks Based On The Art Of Line Drawing |
| 07:28 | A Glimpse of Taungoo & its Delicacies |
| 07:42 | Nga Laik Sakhanthar Elephant Camp |
| 08:26 | National Attractions Philippine (Anilao: Underneath the Waters) |
| 08:32 | The Wave That Changed The World (Part -2) |
| 08:49 | Myanmar Childhood Games |
| 09:01 | Kabyar Wa Beach |
| 09:09 | Let's Explore Organic Farming |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၅ | တိုင်းရင်းသားတေးသီချင်း၊ အက(ချင်း) |
| ၀၆:၅၅ | မြန်မာသံစဉ်တေးများ |
| ၀၇:၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၆) |
| ၀၈:၀၀ | စတီရီယိုတေးများ |
| ၀၈:၁၅ | ဇာတ်တော်ကြီး 'မဟာဇနကဇာတ်တော်ကြီး' (ပထမပိုင်း) |
| ၁၀:၁၀ | ကာတွန်း 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၂၁) |
| ၁၀:၁၅ | စတီရီယိုတေးများ |
| ၁၀:၃၀ | ဇာတ်တော်ကြီး 'မဟာဇနကဇာတ်တော်ကြီး' (ဒုတိယပိုင်း) |

### MRTV NRC

ကယား (၀၆:၀၀ မှ ၀၈:၀၀)
စိတ်ဝင်စားဖွယ်ကယားမြေက အောင်သပြေလိုက်ဂူ

ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)
သစ်ပင်ပေါ်မှာငွေရှိသည်

အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
စာပေစကားပြောကြရအောင် (အပိုင်း-၆)

အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
ပန်းချီဆရာ စောထွန်းလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း

ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)
မှိုင်ပေါ်လ်ဝက်သားမီးဖုတ်

ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)
တောင်ကျကျေးရွာ (အပိုင်း-၂)

မွန် (၁၃:၀၀ မှ ၁၅:၀၀)
ခန်ညားရှုယဉ်မွန်တို့အသွင် ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု

ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)
ကောန့်ဖိုုင်နှင့်ရွှေဖရုံသီးချက်

ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)
လှမ်းခဲ့ပါလေ တောင်တို့မြေ

ဝ (၁၉:၀၀ မှ ၂၁:၀၀)
ကြက်သွန်မြိုနှင့်ကျန်းမာရေး

ကချင် (၂၁:၀၀ မှ ၂၃:၀၀)
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၀:၄၅ | Festivals Around The World |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ' |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ' |
| ၁ :၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၃) |

### MRTV FARMERS' HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့လား |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Livestock on the Land |
| ၁၉:၁၅ | Cork Rooftop Farm |
| ၂၀:၀၀ | သူ့ကိုမှ (ဇာတ်လမ်း) |
| ၂၂:၀၀ | A Year-End Medley (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary (Adriano) (Football) |
| ၀၇:၄၀ | Weekly MNL Review |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၂:၀၀ | Earthquake Football Rerun (Bago Donation Football Match) |

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦးတို့အား ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



**နေပြည်တော် ဧပြီ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ ရွှေကုက္ကိုလ် (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ၁၇ ဦးတို့အား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Zoheir Boudraa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Counsellor Ms. Jarin Sajayabinti Abdul Hathi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၄၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 (Call Sign: XVOH7) ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ် မေလ ၁၃ ရက်နေ့မှ ၂၀၂၅ ခုနှစ် မေလ ၃၁ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများ ဆောင်ရွက်မည့်တည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Crab2 | 15° 02’ 36.60” N | 94° 05’ 40.69” E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 (Call Sign: XVOH7) ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ် မေလ ၁၃ ရက်နေ့မှ ၂၀၂၅ ခုနှစ် မေလ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ကို ထုတ်ပြန်ကြေညာထားသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “ပန်းဆု@user4277348004554” TikTok ၊ “အသဲကွဲသူမလာရ@user8882909-630503” TikTok ၊ “Nay Myo Tun” Facebook အကောင့်များပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရေလယ်ကုန်းကျေးရွာနေ နန်းမူအား မွန်းလွဲ ၂ နာရီခွဲတွင် ကော့ကရိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တိုက်ကြီးမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အောက်ရေကံကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ လှည်းကူးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တနင်္သာရီမြို့နယ်၌ မြတ်နိုးဖွယ်ရာ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ပညာပေးဟောပြောပွဲနှင့် သနပ်ခါးလိမ်းခြယ်ပွဲ ကျင်းပ

**တနင်္သာရီ ဧပြီ ၂၉**

မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့များနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲနှင့် သနပ်ခါးလိမ်းခြယ်ပွဲ အခမ်းအနားကို တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ် လူထုအခြေပြု ဗဟိုဌာနခန်းမအတွင်း၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။




**အသိပညာပေးဆွေးနွေး**

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ခံ ဒေါ်သန်းမြတ်ထူးက မြန်မာအမျိုးသမီးများ၏ ပါးပြင်ပေါ်က မြတ်နိုးဖွယ်ရာ မြန်မာ့သနပ်ခါးအကြောင်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာဦးက မြန်မာ့သနပ်ခါးနှင့် ကျန်းမာရေးအကျိုးကျေးဇူးများအကြောင်းတို့ကို အသိပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်ဝင်းက မြန်မာ့ရိုးရာ သနပ်ခါးလိမ်းခြယ်ပွဲ အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက် လာသူများက ကျောက်ပြင်၌ ကိုယ်တိုင်သနပ်ခါးသွေးကြ၍ လိမ်းခြယ်ကြပြီး အချင်းချင်း အပြန်အလှန် ပျော်ရွှင်စွာလိမ်းခြယ်ပေးကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီတော်သို့ သွားရောက်ကြည့်ရှုစဉ်။

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော မဟာစေတီလှစေတီတော်ကြီးအား ပြန်လည်တည်ဆောက်ရန်အတွက် မြေနေရာရှင်းလင်းခြင်း၊ တိုင်းထွာခြင်းများနှင့် သိရီမင်္ဂလာခုံးကျော်တံတားကြွခိုင်မှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီ၊ သောတပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်နှင့် လေးကျွန်းမာရ်အောင် မြတ်စွာဘုရား၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်စေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏ စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများ၊ သောတပန်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ပါရမီရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်များအား ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ လိုရာဆုယူဘုရားသုံးဆူမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ/လွှဲပြောင်းရေး အဖွဲ့ယာယီရုံးတွင် အဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရာ၌ ဖော်ထုတ်ရှာဖွေတွေ့ရှိသော ပစ္စည်းများကို သက်ဆိုင်ရာ ပိုင်ရှင်များထံ ပြန်လည် လွှဲပြောင်းပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ 26 Leo တည်းခိုခန်းနေရာ၊ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း၊ ၂၆-၂၇ လမ်းကြားရှိ မြစ်ဆုံဟိုတယ်နေရာများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေး၍ ပိုင်ရှင်များနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် မန္တလေးမြို့၏အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် ၂၆ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိ အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ ၂၆ လမ်းမကြီးသည် အများပြည်သူများ နေ့စဉ်အသုံးပြုမှုများသည့် လမ်းမကြီးများထဲမှ တစ်ခုအပါအဝင် ဖြစ်သည့်အတွက် နေ့စဉ်ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး အဆောက်အအုံ အပျက်အစီးများအား အမြန်ဆုံးဖယ်ရှားရှင်းလင်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## ဆောင်ရွက်ပေး

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရတနာဂီရိဂူကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာ စန္ဒာမုနိမြတ်စွာဘုရား၊ အမရပူရမြို့နယ်ရှိလိုရာဆုယူ ဘုရားသုံးဆူမြတ်စွာဘုရား၊ ပွဲပါမင်းကျောင်းတိုက်နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ် အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးဝဲ/ယာရှိ အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများအား စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လမ်းမကြီးဘေးဝဲ/ယာမျက်နှာစာအား ဦးစားပေး၍ အန္တရာယ်ရှိ အဆောက်အအုံများအား အမြန်ဆုံး ဖယ်ရှားရှင်းလင်းရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## ပြန်လည်ပြုပြင်

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ သာသနာဒီပဓမ္မဂါရဝကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံအား ယန္တရားစက်ဖြင့် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၄၀၃၉ လုံးအား စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ ၃၇၇၉ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၆၀ မှ အဆောက်အအုံ ၁၉၁ လုံး ရှင်းလင်း ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန် ကျန်အဆောက်အအုံ ၆၉ လုံးဖြစ်သည်။

ထို့နောက် ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့သို့

စာမျက်နှာ ၁၇ သို့ ✳

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြောင်းလဲလျက်ရှိသော အသိုက်အဝန်းများအတွင်း ပြတိုက်များ၏အခန်းကဏ္ဍ

သီသီသောင်း

၂၀၂၅ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (International Museum Day – IMD) သည် ကမ္ဘာတစ်ဝန်းရှိ ပြတိုက်အချင်းချင်း ဆက်သွယ်ပေးသည့် ပြတိုက်များ၏ အရေးပါသည့်နေ့တစ်နေ့ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM) သည် ၁၉၇၇ ခုနှစ်မှ စတင်ကာ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ကျင်းပခဲ့ရာ ၂၀၂၅ ခုနှစ် မေလ ၁၈ ရက်နေ့တွင် (၄၈)နှစ်မြောက် ကျရောက်မည်ဖြစ်သည်။ ယခုနှစ်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (International Museum Day – IMD 2025) အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ The Future of Museums in Rapidly Changing Communities (လျင်မြန်ပြောင်းလဲ လူမှုအသိုက်အဝန်းအတွင်း၊ ပြတိုက်များ၏ အနာဂတ်ကိုရှေးရှုခြင်း)ဖြစ်ပါသည်။

၎င်းဆောင်ပုဒ်အရ လူမှုရေး၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာကြီးအတွင်း ပြတိုက်များအနေဖြင့် မည်သို့လိုက်လျောညီထွေဖြစ်ပြီး ဦးဆောင်ဖွံ့ဖြိုးနိုင်မည်၊ တုံ့ပြန်နိုင်စွမ်း၊ ဆန်းသစ်တီထွင်မှုနှင့် လူထုပါဝင်မှုအရ အရေးပါသော အဖွဲ့အစည်းများအဖြစ် လူ့အသိုင်းအဝိုင်းတွင် ပိုမိုတန်ဖိုးထားမှု၊ ပြတိုက်များသည်မည်သို့ လမ်းပြကူညီနိုင်သည်၊ တာဝန်ယူပါဝင်နိုင်သည် စသည့် ပြတိုက်များ၏ အရေးပါမှုအခန်းကဏ္ဍကို ဖော်ပြနေပါသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့၏ဆောင်ပုဒ်သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့၌ ကျင်းပမည့် ICOM အထွေထွေညီလာခံ၏ အဓိကအကြောင်းအရာများနှင့် ကိုက်ညီပါသည်။ ကမ္ဘာတစ်ဝန်း ပြောင်းလဲနေသည့် အခြေအနေများအတွင်း ပြတိုက်များသည်လည်း ပြောင်းလဲမှုများအလိုက် မတူညီသော နည်းလမ်းများနှင့် ဆန်းသစ်တီထွင်မှု၊ နည်းပညာအသစ်များကို လက်ခံအသုံးပြုခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းသစ်များ ဖန်တီးနိုင်ပါသည်။ ထိုနည်းပညာအခြေပြု ပြောင်းလဲမှုများသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာတွင်သာမက အနာဂတ်ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍများတွင် သက်ရောက်မှုရှိစေပြီး ပြတိုက်များ၏ အခန်းကဏ္ဍကို အထောက်အကူဖြစ်စေပါသည်။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM)သည် ပြတိုက်များနှင့် ပြတိုက်ပညာရှင်များအတွက် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာ့သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် လူမှုအသိုင်းအဝိုင်းနှင့် ပြန်လည်ချိတ်ဆက်ရေး လုပ်ဆောင်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေပါသည်။

ယင်းအဖွဲ့သည် အဖွဲ့ဝင် ၁၂၉ နိုင်ငံနှင့် နိုင်ငံအသီးသီးမှ အဖွဲ့ဝင်ပြတိုက်ပညာရှင် ၅၇၀၀၀ ကျော်ပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာကွန်ရက်တစ်ခုအဖြစ် တည်ရှိသည်။ ICOM သည် အပြည်ပြည်ဆိုင်ရာ မီဒီယာပေါ်တွင် ပြတိုက်ပညာရှင်များ၏ အသံအဖြစ်ထင်ပေါ်ပြီး ယဉ်ကျေးမှုအမွေအနှစ်နှင့်ဆိုင်သော ပြဿနာများအပေါ် အကြံဉာဏ်ပေးခြင်း၊ ပြတိုက်ပညာရပ်ဆိုင်ရာ စွမ်းရည်တိုးမြှင့်ရန် ထောက်ပံ့ခြင်းနှင့် ဉာဏ်ပညာဖလှယ်မှုများ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် လူမှုယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးတက်အောင်မြင်စွာ လှုံ့ဆော်ဆောင်ရွက်နေပါသည်။

**အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (IMD)၏ ရည်ရွယ်ချက်များ**

ယခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (IMD) ၏ ရည်ရွယ်ချက်မှာ ပြတိုက်များသည် ယဉ်ကျေးမှုအပြန်အလှန်ဆက်နွယ်မှု၊ လူ့အဖွဲ့အစည်းများအကြား နားလည်တိုးတက်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့တွင် အရေးပါသောအခန်းကဏ္ဍမှ ထမ်းဆောင်နိုင်ကြောင်း လူထုသိမြင်မှုကို မြှင့်တင်ဖော်ပြရန်ဖြစ်ပါသည်။ ပြတိုက်များသည် ယနေ့ခေတ် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော လူ့အသိုက်အဝန်းတွင် အနာဂတ်အတွက် ပိုမိုတည်တံ့ဖွံ့ဖြိုးနိုင်သော အဖွဲ့အစည်းများဖြစ်လာစေရန်၊ လူထုပါဝင်ဆောင်ရွက်နိုင်သော အဖွဲ့အစည်းများအဖြစ် တက်ကြွစွာပါဝင်နိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။




၂၀၂၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (IMD) ဆောင်ပုဒ်သည် **"လျင်မြန်ပြောင်းလဲ လူမှုအသိုက်အဝန်းအတွင်း၊ ပြတိုက်များ၏ အနာဂတ်ကိုရှေးရှုခြင်း"** ဖြစ်ပေရာ ပြတိုက်များသည် လူမှုရေး(Social)၊ နည်းပညာ(Technological)နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(Environmental) ပြောင်းလဲမှုများအတွက် မည်သို့ကိုက်ညီကာ တက်ကြွစွာပါဝင်မှု၊ ပြုပြင်ပြောင်းလဲမှုများနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်မှုစသည့် အဓိကအခန်းကဏ္ဍများမှ ပါဝင်ပါသည်။

၂၀၂၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (IMD)၏ ဆောင်ပုဒ် (Theme) ကို ခွဲခြားရသော်–

**၁။ ရေရှည်တည်တံ့ခိုင်မြဲဖွံ့ဖြိုးရေး၌ ပါဝင်သောအခန်းကဏ္ဍ (Role in Sustainable Development)**

ပြတိုက်များသည် သဘာဝအရင်းအမြစ်များကို တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲကာ တည်တံ့သောဖွံ့ဖြိုးရေးရရှိရေး၌လည်း အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နေမှုသည် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့်လည်း ကိုက်ညီသည်ဟု ပြသနိုင်ပါသည်။

**၂။ ၂၀၂၅ ခုနှစ် IMD အတွက် အဓိကပန်းတိုင်များ (Key SDGs for 2025 International Museum Day)**

၂၀၂၅ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဆောင်ပုဒ်အရ ပြတိုက်များသည် လက်ရှိကမ္ဘာ့အခြေအနေအပြောင်းအလဲများအတွင်း၌လည်း မိမိတို့၏လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များနှင့် လူ့အသိုက်အဝန်းအပေါ်အကျိုးသက်ရောက်မှုများကို ပြန်လည်စဉ်းစားပြီး ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် ပါဝင်ဆောင်ရွက်နေကြကြောင်း ပြသနေပါသည်။

ပြတိုက်များသည် ယခုခေတ်တွင် ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့အစည်းအဖြစ်သာမက၊ လူ့အသိုက်အဝန်းများနှင့် ဆက်နွယ်မှုရှိသည့်ပညာရေး၊ သတင်းအချက်အလက်ဖလှယ်မှု၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုများတွင်လည်း တက်ကြွစွာပါဝင်လာကြပါသည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုများသည် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များ(SDGs) နှင့် အထူးသဖြင့် အောက်ပါအဓိက SDGs 8၊ SDGs 9၊ SDGs 11 တို့နှင့် လုံးဝကိုက်ညီပါသည်။

**(က) SDGs (8) – တည်တံ့သော လူမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်(Decent Work and Economic Growth:)**

SDGs 8 အောက်တွင် ပြတိုက်များသည် ဒေသခံလူထုအတွက် အလုပ်အကိုင်ဖန်တီးခြင်း၊ ပညာရေးအစီအစဉ်များ၊ လေ့လာရေးအစီအစဉ်များနှင့် ခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကို ပံ့ပိုးပေးပါသည်။

**(ခ) SDGs (9)– စက်မှုဖွံ့ဖြိုးမှု၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာဖွံ့ဖြိုးမှု (Industry၊ Innovation and Infrastructure)**

SDGs 9 အရ ပြတိုက်များသည် ဆန်းသစ်တီထွင်မှုများကို ဦးစားပေးပြီး နည်းပညာအသစ်များကို လက်ခံအသုံးပြုခြင်းအားဖြင့် ဧည့်သည်များအတွက် ဝင်ရောက်လေ့လာမှု အတွေ့အကြုံ အရည်အသွေးကို မြှင့်တင်နိုင်သည့်အပြင် ပြတိုက်လုပ်ငန်းစဉ်များ တိုးတက်ပြောင်းလဲမှုကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

**(ဂ) SDGs (11) – ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုအသိုက်အဝန်းများ (Sustainable Cities and Communities:)**

SDGs 11 ရည်ရွယ်ချက်အရ ပြတိုက်များသည် ယဉ်ကျေးမှုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုတွင် ဦးဆောင်ကာ ယဉ်ကျေးမှုစင်တာအဖြစ် တည်ရှိသည့်အနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ထောက်ပံ့မှုတစ်ရပ်ဖြစ်စေပါသည်။ ထို့အပြင် လူထုပါဝင်မှုနှင့် တုံ့ပြန်နိုင်မှုရှိသော လူမှုအသိုက်အဝန်းများ ဖော်ဆောင်ရာတွင်ပါ အရေးပါသော အခန်းကဏ္ဍမှ ထမ်းဆောင်နေသလို ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

**၃။ ပြောင်းလဲမှုများ (Navigating Change)**

ယနေ့ကမ္ဘာမှာ အရာအားလုံးပြောင်းလဲနေပြီး ပြတိုက်များသည်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ပြန်လည်စဉ်းစားရန် လိုအပ်နေပါသည်။ နည်းပညာအသစ်များ၊ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် ကမ္ဘာ့ဖြစ်ရပ်အသစ်များအတိုင်း ကိုက်ညီအောင်ပြောင်းလဲပြီး ရှင်းလင်းစွာဖော်ပြနိုင်ရန် လိုအပ်ပါသည်။

**၄။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင်ရာ ဖြန့်ဝေမှု (Contributing to Sustainable Development)**

ပြတိုက်များသည်ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ရည်ရွယ်ထားသဖြင့် ကုလသမဂ္ဂ၏ ရည်မှန်းချက်များ (SDGs) နှင့် ကိုက်ညီပါသည်။ အထူးသဖြင့် SDGs 8 (လူမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး)၊ SDGs 9 (စက်မှု၊ တီထွင်မှုနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး)နှင့် SDGs 11 (တည်တံ့သော မြို့ပြနှင့် လူမှုအသိုင်းအဝိုင်းများဖွံ့ဖြိုးရေး) တို့နှင့် ဆက်စပ်ပါသည်။

**၅။ လူမှုအသိုက်အဝန်းအပေါ် အာရုံစိုက်မှု (Community Focus)**

ပြတိုက်များသည် မိမိတို့ဒေသရှိ လူမှုအသိုက်အဝန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေပြီး ဒေသခံလူထု၏ အတွေးအမြင်များနှင့် လိုအပ်ချက်များကို ဖြည့်စွမ်းပြီး ထင်ဟပ်အောင် ဖော်ပြနိုင်ရန် အခွင့်အရေးများကို ချဲ့ထွင်သင့်ပါသည်။

**၆။ ထိန်းသိမ်းမှုနှင့် ဆန်းသစ်တီထွင်မှု (Preservation and Innovation)**

ပြတိုက်များသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းထားရန် အရေးကြီးကြောင်းကို ဖော်ပြသည့်အပြင် ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာအသစ်များကိုလည်း လက်ခံအသုံးချနိုင်ဖို့ အရေးကြီးကြောင်း ပြသရပါမည်။

**စာမျက်နှာ ၁၉ သို့** ★

**❝ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဆောင်ပုဒ်အရ ပြတိုက်များသည် မိမိလုပ်ငန်းနယ်ပယ်အား ယနေ့ခေတ်၌ ဖြစ်ပေါ်လာသည့် နည်းပညာအလျင်အမြန်ဖွံ့ဖြိုးမှုများ၊ လူ့လောကတန်ဖိုးနှင့် လိုအပ်ချက်များ ပြောင်းလဲမှုများအပေါ် တုံ့ပြန်နိုင်ရန် ပြန်လည်သုံးသပ်ကာ အသစ်တီထွင်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမှုနှင့် ဆန်းသစ်တီထွင်မှု၊ လူမှုဆက်သွယ်ရေးဖန်တီးမှုတွင် ဆက်သွယ်သူအဖြစ် ပါဝင်နိုင်မှုနှင့် လူမှုအသိုက်အဝန်းတွင် ပိုမိုအကျိုးရှိရန် အာရုံစိုက်မှု စသောအချက်များသည် ယနေ့ခေတ် ပြတိုက်များ၏ မျှော်မှန်းချက်အသစ်များ ဖြစ်လာကြောင်းကို မြင်တွေ့နိုင် ❞**

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာ ဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့် သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်နှင့် ရေကူးဘာသာရပ်တို့တွင် ပါဝင်သည့် သင်ခန်းစာများကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၁၀ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၄၀ နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်း လူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ လေ့ကျင့် သင်ကြားပို့ချနေမှုများကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးအား လည်းကောင်း၊ မော်လမြိုင်မြို့ရှိ မော်လမြိုင် သင်တန်းစခန်းမှ သင်တန်းသား ၅၁ ဦးအား လည်းကောင်း၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦးအား လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးအား လည်းကောင်း၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံ သင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးအား လည်းကောင်း အခြေခံ စစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်း ဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေးဇာတိမာန် ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြား ပေးနေမှုများကို တွေ့မြင်ရပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့် သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





★ စာမျက်နှာ ၁၈ မှ

**၇။ ဆက်သွယ်သူ အခန်းကဏ္ဍ (Role as a Connectors)**

ပြတိုက်များသည် လူထု၊ ဆွေးနွေးမှုများနှင့် လူမှုအသိုက်အဝန်းများအကြား ဆက်သွယ်မှုဖန်တီးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ထမ်းဆောင်သည့်အပြင် ပူးပေါင်းဆောင်ရွက်မှုများနှင့် လူမှုဆက်ဆံရေး တိုးတက်ရေးလုပ်ဆောင်ချက်များကိုလည်း ပံ့ပိုးကူညီနေကြပါသည်။

**၈။ လက်ရှိ ပြောင်းလဲမှုနှင့် ပြတိုက်များ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ (Challenges)**

လက်ရှိတွင် ပြတိုက်များသည် ဒစ်ဂျစ်တယ်နည်းပညာ မြန်ဆန်သောတိုးတက်မှုကြောင့် ယှဉ်ပြိုင်မှုကြုံတွေ့ရခြင်း၊ လာရောက်လည်ပတ်သူအရေအတွက် ပိုမိုတိုးတက်လာစေရန် ကြိုးပမ်းရခြင်း၊ ဘတ်ဂျက်အခက်အခဲများနှင့် ယနေ့ လူ့အသိုင်းအဝိုင်းအတွက်သာမက မျိုးဆက်သစ်များအတွက်လည်း ပညာပေးနိုင်အောင် ပြုပြင်ပြောင်းလဲရခြင်းစသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

**၉။ ပြတိုက်များ၏ အနာဂတ် ဖော်ဆောင်မှု(Shaping the Future of Museums)**

ပြတိုက်များသည် ပံ့ပိုးရေးအဖွဲ့အစည်းများ၊ ပညာရေးဌာနများနှင့် ဒေသခံ အသိုင်းအဝိုင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လူထုနှင့် နီးကပ်လာနိုင်ပါသည်။

**အနာဂတ်တွင် ပြတိုက်များသည် –**

- ❖ **တက်ကြွသော သင်ကြားရေးပလက်ဖောင်းတစ်ခုအဖြစ်၊**
- ❖ **စိတ်နှင့် ကိုယ်ကျန်းမာရေး (Mental & Physical Well-being) အတွက် နားရာတစ်ခုအဖြစ်၊**
- ❖ **ခေတ်မီနည်းပညာနှင့် ပေါင်းစပ်နိုင်သော ပံ့ပိုးရေးအဖွဲ့အစည်းအဖြစ် အရေးပါသော အခန်းကဏ္ဍများတွင် ပါဝင်လာနိုင်ပါသည်။**

ထို့အပြင် Mindfulness Tours, Therapeutic Art Programs, Wellness Workshops စသော အစီအစဉ်များမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွက် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးနိုင်သည်။ မည်သူမဆို လူတန်းစားမရွေး ဝင်ရောက်ခံစားနိုင်စေရန် Access Programs များ တိုးချဲ့ လုပ်ဆောင်သင့်ပါသည်။

ထို့ကြောင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဆောင်ပုဒ်အရ ပြတိုက်များသည် မိမိလုပ်ငန်းနယ်ပယ်အား ယနေ့ခေတ်၌ ဖြစ်ပေါ်လာသည့် နည်းပညာအလျင်အမြန် ဖွံ့ဖြိုးမှုများ၊ လူ့လောကတန်ဖိုးနှင့် လိုအပ်ချက်များပြောင်းလဲမှုများအပေါ် တုံ့ပြန်နိုင်ရန် ပြန်လည်သုံးသပ်ကာ အသစ်တီထွင်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမှုနှင့် ဆန်းသစ်တီထွင်မှု၊ လူမှုဆက်သွယ်ရေးဖန်တီးမှုတွင် ဆက်သွယ်သူအဖြစ် ပါဝင်နိုင်မှုနှင့် လူမှုအသိုက်အဝန်းတွင် ပိုမိုအကျိုးရှိရန်အာရုံစိုက်မှု စသော အချက်များသည် ယနေ့ခေတ် ပြတိုက်များ၏ မျှော်မှန်းချက်အသစ်များ ဖြစ်လာကြောင်းကို မြင်တွေ့နိုင်ပါသည်။

**ပြတိုက်များသို့ လာရောက်လေ့လာ**

ပြတိုက်များသည် အတိတ်မှ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြီး ယနေ့နှင့် အနာဂတ်အတွက် အသုံးဝင်သော သင်ခန်းစာများ၊ လူမှုအသိုက်အဝန်းအတွက် တန်ဖိုးရှိသော အတိတ်အမွေအနှစ်များ၊ တည်တံ့ဖွံ့ဖြိုးရေးနှင့် ရှေ့ဆက်လုပ်ဆောင်မည့်နည်းလမ်းများ၊ ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေပါသည်။

ပြတိုက်များသည် ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကို ထိန်းသိမ်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပြီး အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လူမှုရေး၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများနှင့် ပညာရေးအစီအစဉ်များ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လူထုနှင့်ပူးပေါင်းဆောင်ရွက်နေပါသည်။

ထို့အပြင် ပြတိုက်များသည် မျိုးဆက်သစ်လူငယ်များအတွက် ယဉ်ကျေးမှုအသိပညာများ တိုးတက်စေရန် အခွင့်အလမ်းပေးခြင်းဖြင့် မိမိရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဂုဏ်ယူတန်ဖိုးထားပြီး ထိန်းသိမ်းလိုသည့် စိတ်ဓာတ်၊ အသိဉာဏ်ပညာနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုရေချိန်မြင့်မားလာစေရန် ကူညီပံ့ပိုးကာ အနာဂတ်တွင် စွမ်းဆောင်နိုင်သည့် ခေါင်းဆောင်များ ဖွံ့ဖြိုးထွန်းကားလာစေရန် လမ်းပြပေးသည့် နေရာတစ်ခုလည်း ဖြစ်ပါသည်။

ပြတိုက်များသည် လူတိုင်းပါဝင်နိုင်သည့် တည်တံ့ခိုင်မြဲသော အနာဂတ်တစ်ခုကို ဖန်တီးနိုင်စေရန် အရေးပါသော ပလက်ဖောင်းအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပြီး "ပြတိုက်များသည် ပြောင်းလဲနေသော ကမ္ဘာအတွင်း မျှတမှုနှင့် တန်ဖိုးထားမှုများအတွက် ပြောင်းလဲမှု အရေးပါသူများဖြစ်ကြသည်" ဆိုသည့် သဘောတရားအပေါ် အခြေခံကာ ၂၀၂၅ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ဂုဏ်ပြုရေးသား၍ ပြတိုက်များသို့ လာရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။

**ကိုးကား**


**၁။ International Council of Museums (ICOM)။ (n.d.)၊ International Museum Day၊ ICOM။ Retrieved April 27, 2025, from https://icom.museum/en/news/international-museum-day/**

**၂။ International Council of Museums (ICOM)။ (n.d.)၊ 27th ICOM General Conference၊ ICOM။ Retrieved April 27, 2025, from https://icom.museum/en/news/27th-icom-general-conference/**

**၃။ သီသီသောင်း။ (၂၀၂၁ မေ၊ ၂၀၂၂ မေ၊ ၂၀၂၄ မေ)၊ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ဆောင်းပါး၊ မြန်မာ့အလင်းသတင်းစာ။**

**၄။ သီသီသောင်း။ (၂၀၂၁ မေ၊ ၂၀၂၂ မေ၊ ၂၀၂၄ မေ)၊ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ဆောင်းပါး၊ ကြေးမုံသတင်းစာ။**

# မွန်ပြည်နယ်ဝန်ကြီးချုပ် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ တက်ရောက်

**မော်လမြိုင် မေ ၂၉**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၅) တပ်မတော်ခုတင် (၃၀၀)ဆေးရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင် သွေးလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ သွေးလှူဒါန်းကြမည့် ဝန်ထမ်းများအား အမှတ် (၅) တပ်မတော် ခုတင် (၃၀၀) ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးအုပ်စု ခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။



ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့၏ စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းကြသူများအား အားဖြည့်ဆေးဝါးများ၊ အချိုရည်၊ အစားအစာနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသအား မေ ၂၇ ရက်က ကျိုက်ခေါက်စေတီ အရှေ့ဘက်အာရုံခံတန်ဆောင်း ရေစက်ချ အခမ်းအနားတွင် အလှူရှင် ဦးအောင်အောင်ဖြိုး - ဒေါ်နွယ်နီထွန်း (သမီး) ဆုနဒီထွန်း မိသားစုက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)



# ပြင်ဦးလွင်မြို့နယ်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**ပြင်ဦးလွင် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြင်ဦးလွင်မြို့နယ်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းနိုင်က ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့က စီမံကိန်းတာဝန်များပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၀ ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။




**ရောင်းချ**

မတ် ၃၀ ရက်မှ မေ ၂၉ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ လယ်ဝေးမြို့ ယာယီကယ်ဆယ်ရေးစခန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ တပ်ကုန်းမြို့ရှိ အမှတ်(၁၀၉) တပ်ရင်းနှင့် ခုတင်(၁၀၀)ဆေးရုံ၊ နေပြည်တော်ကောင်စီဝင်းအတွင်းရှိ တိုင်းခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းရုံးနှင့် ရဲတပ်ရင်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၉၉၀၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂၈၈ အိတ်၊ ဆီ ပိဿာ ၂၉၅၂၀၊ ဆား ပိဿာ ၁၄၉၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၂၇၉ ထုပ်၊ ငါးပိ ၂၇၇ ပိဿာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပြဲခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန် ပိဿာ ၄၀၊ ငါးမုတ်ပိဿာ ၃၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၉၄ အိတ်၊ စားအုန်းဆီ ၄၇၄၅ ပိဿာ၊ ဆား ၅၇ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၉၄ ဘူး၊ ငါးပိ ၁၈ ပိဿာ၊ ကြက်သွန်နီ ၅၄၈ ပိဿာ၊ အသားတု ၂၄ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) အိတ် ၅၈၀၊ စားအုန်းဆီ ပိဿာ ၅၅၀၀၀၊ ဆား ၁၀၅ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၆ ထုပ်၊ ငါးပိ ပိဿာ ၈၀၊ ငါးနီတူခြောက်၊ အာပြဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# လူငယ်များအတွက် ပညာရေးတွင်အသုံးဝင်သော ဉာဏ်ရည်တုနည်းပညာ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ကမ္ဘာကြီးကို ပြောင်းလဲစေသောနည်းပညာများစွာကဲ့သို့ပင် ဉာဏ်ရည်တု(AI)နည်းပညာသည် ယနေ့ခေတ် နေရာ၊ နယ်ပယ်အနှံ့တွင် ဖြစ်ပေါ်တိုးတက်လာရာ ပညာရေးနယ်ပယ်အတွက် အသုံးဝင်အကျိုးရှိသော အလားအလာများကို ဖော်ဆောင်လာကြသည်။ “ဉာဏ်ရည်တု” (AI) ဟူသောအသုံးအနှုန်းကို ၁၉၅၆ ခုနှစ်တွင် အမှန်တကယ်တည်ထွင်ခဲ့သည်။ Dartmouth ကောလိပ်မှ ပါမောက္ခ John McCarthy သည် ‘ဉာဏ်ရည်တု’ (Artificial Intelligence) ဟူသော အသုံးအနှုန်းကို ဖန်တီးကာ ဆင်ခြင်တုံတရားနှင့် လူသားဘာသာစကား အသုံးပြုနိုင်သောစက်များကို ဖန်တီးရန် ရည်ရွယ်သည့် အဓိကကျသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့သည်။ ၁၉၉၀ ပြည့် လွန်နှစ်ကာလများတွင် AI ကို သုတေသနပြုခြင်းဆိုင်ရာ စိတ်ဝင်စားမှုများ တိုးတက်လာခဲ့သည်။ ဤသို့ဖြင့် ၂၀၂၂ ခုနှစ်တွင် Chat GPT ၏ အများသူငါဖြန့်ချိမှုသည် သိသာထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်လာခဲ့သည်။ ယင်းသည် သဘာဝဘာသာစကားနားလည်မှုနှင့် မျိုးဆက်များတွင် မကြုံစဖူးစွမ်းရည်များကို ပြသခဲ့သည်။

ကွန်ပျူတာအထောက်အကူပြု ညွှန်ကြားမှု (Computer-assisted Instruction- CAI) သည် ၁၉၆၀ ပြည့်လွန်နှစ်ကာလများတွင် စတင်ခဲ့ရာ ကွန်ပျူတာနည်းပညာသည် ကျောင်းများတွင် ပိုမိုအသုံးပြုလာကြသည်။ သင်ကြားရေးလမ်းကြောင်းများကိုပေးဆောင်သည့် ဒက်စတော့ကွန်ပျူတာများ ထွန်းကားလာချိန်တွင် ပုဂ္ဂိုလ်ရေးသီးသန့်သင်ယူခြင်း၏ အလားအလာကောင်းများကို ဖော်ဆောင်ခဲ့သည်။

ယနေ့ခေတ်တွင် နိုင်ငံတကာပညာရေးစနစ်၌ AI သည် ပုဂ္ဂိုလ်ရေးသီးသန့်သင်ကြားမှု၊ လိုက်လျောညီထွေရှိသော သင်ကြားရေးပလက်ဖောင်းများ၊ အသိဉာဏ်ရှိသော ကျူရှင်စနစ်များ၊ အလိုအလျောက် အဆင့်သတ်မှတ်ခြင်းနှင့်တုံ့ပြန်ချက်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များကို ပေးဆောင်ခြင်းဖြင့် K-12 ပညာရေးကို အသွင်ပြောင်းနေသည်။

> **❝ ဉာဏ်ရည်တုနည်းပညာကို ပညာရေးကဏ္ဍတွင်အသုံးပြုခြင်းဖြင့် သင်ယူမှုကို စိတ်ကြိုက်ပြင်ဆင်နိုင်သည်။ စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များကို အလိုအလျောက် လုပ်ဆောင်နိုင်သည်။ ထိရောက်သောတုံ့ပြန်မှုများပေးနိုင်သည်။ ဤသို့ဖြင့် ကျောင်းများနှင့် ဆရာများအတွက် သင်ယူမှုအတွေ့အကြုံကို မြှင့်တင်ပေးရန် AI က ပညာရေးတွင် ပေါင်းစည်းဆောင်ရွက်ပေး ❞**

ပညာရေးတွင် အသုံးပြုသော AI အက်ပလီကေးရှင်းများသည် အပြန်အလှန်အကျိုးပြုသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်သည်။ ကျောင်းသားများနှင့် ဆရာများအတွက် အကြောင်းအရာဖန်တီးမှုနှင့် ပေါင်းစပ်ပြင်ဆင်မှုများကို လွယ်ကူချောမွေ့စေသည်။ ၎င်း AI ကိရိယာများသည် သင်ရိုးညွှန်းတမ်းစံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေသော အကြောင်းအရာများကို ဆရာများက မတူကွဲပြားသော ကျောင်းသားလိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရန် ကူညီပေးသည်။ Virtual Lab များနှင့် ပညာရေးဂိမ်းများကဲ့သို့ အပြန်အလှန်အကျိုးပြုသော ကိရိယာများသည် ကျောင်းသားများကို ဆွဲဆောင်နိုင်သည်။ AI နည်းပညာများကို အသုံးပြုခြင်းဖြင့် ဆရာများသည် သင်ကြားရေးလမ်းကြောင်းများကို စိတ်ကြိုက်ပြင်ဆင်နိုင်သည်။ အလုံးစုံသင်ယူလေ့လာရေး အတွေ့အကြုံကို မြှင့်တင်ပေးနိုင်သည်။ ဒေတာဆိုင်ရာ ထိုးထွင်းသိမြင်မှုများကို AI နည်းပညာများဖြင့် အသုံးပြုနိုင်သည်။

ယခုအခါ နိုင်ငံတကာရှိ ဆရာများသည် Generative AI ကိရိယာများကို အသုံးပြုရန် နည်းလမ်းအချို့ကို ရှာဖွေခဲ့ကြသည်။ ဆရာများအနေဖြင့် သင်ယူမှုရလဒ်များကို မြှင့်တင်ရန်၊ AI စွမ်းရည်များကို အသုံးပြု၍ မတူညီသောနည်းလမ်းများကို ရှာဖွေနေကြသည်။ ဤတွင် မှတ်သားဖွယ်ရာ အက်ပလီကေးရှင်းနှစ်ခုတွင် ဝေါဟာရ (Vocabulary) သင်ကြားမှုအတွက် အမြင်ဆိုင်ရာအထောက်အကူများ ဖန်တီးခြင်းနှင့် သင်္ချာသင်ခန်းစာများကို ဆွဲဆောင်မှုရှိသော အစီအစဉ်များပါဝင်သည်။ သင်ကြားရေးဆိုင်ရာ အစီအစဉ်ဆွဲသူတစ်ဦးသည် AI ကိုအသုံးပြု၍ မတူညီသောအတန်းအဆင့်များနှင့် ဘာသာရပ်များအတွက် ပုံရိပ်ပြောင်းများ (visuals) ကို ဖန်တီးရန်ဆရာများအား ကူညီပေးမည့် အောက်ပါအကြံပြုချက်များ ပါဝင်သည်။

- လာမည့်သင်ခန်းစာများအတွက် စိန်ခေါ်သော ဝေါဟာရစကားလုံးများကို ရှာဖွေဖော်ထုတ်ပါ။
- အသုံးပြုရန်လွယ်ကူပြီး လိုအပ်ချက်များနှင့် ကိုက်ညီသော AI ကိရိယာကို ရွေးချယ်ပါ။
- ဝေါဟာရစကားလုံးများကို သရုပ်ဖော်သည့် ပုံများဖန်တီးရန် တိကျသောအချက်ပြမှုများကို ဖန်တီးပါ။
- အယူအဆကို ချိတ်ဆက်မိရန် ကျောင်းသားများအား AI ဖန်တီးသောပုံများကို မျှဝေပါ။

ဤသည်မှာ ဝေါဟာရသင်ကြားရေးအတွက် AI နည်းပညာ၏ အထောက်ကူပြုမှုဖြစ်သည်။

နိုင်ငံတကာတွင် ဉာဏ်ရည်တုနည်းပညာများကိုအသုံးပြု၍ သင်္ချာသင်ခန်းစာရေးဆွဲရန် လေ့လာခဲ့ကြသည်။ ဤတွင် အထက်တန်းကျောင်း သင်္ချာဆရာနှင့် သင်ကြားရေးနည်းပြတစ်ဦးတို့သည် သင်္ချာသင်ခန်းစာများစီစဉ်ရာတွင် အထောက်အကူပြုစေရန်အတွက် Generative AI အသုံးပြုနည်းကို ရှင်းပြခဲ့သည်။

ယင်းရှင်းပြချက်များတွင် သင်္ချာအကြောင်းအရာများကို လက်တွေ့လောက အက်ပလီကေးရှင်းများနှင့် ကျောင်းသားစိတ်ဝင်စားမှုများကို ချိတ်ဆက်ရန် AI ကိုအသုံးပြုပါဟု ဆိုသည်။ သင်္ချာပုစ္ဆာများတွင်ပါရှိသော စကားလုံးဖြင့် ဖော်ပြချက်များ၊ စွမ်းဆောင်ရည်အလုပ်များနှင့် သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသောပရောဂျက်များကို ဖန်တီးပါဟု ဆိုသည်။ မရှိမဖြစ် လိုအပ်သောမေးခွန်းများ၊ လက်တွေ့လေ့ကျင့်ခန်းပုစ္ဆာများများ ပါရှိသည့် ပြည့်စုံသော သင်ခန်းစာအစီအစဉ်များကို AI ဖြင့် ရေးဆွဲပါဟုဆိုသည်။ ထို့ပြင် ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုနှင့် တတ်မြောက်မှုစွမ်းရည်များကို ဖွံ့ဖြိုးတိုးတက်စေမည့် စူးစမ်းမှုအခြေခံသော လုပ်ဆောင်မှုများကို ဖန်တီးရန် AI ကို အသုံးပြုပါဟု ဆိုသည်။ ကျောင်းသားများ အကြိုက်ဆုံးဖြစ်သော AI ဖြင့် စွမ်းဆောင်နိုင်သော ရှာဖွေရေးကိရိယာ (search tool)ကို အသုံးပြု၍ အွန်လိုင်းတွင် ရှာဖွေပါဟုဆိုသည်။

သို့ရာတွင် ဆရာ ဆရာမများအနေဖြင့် ကျောင်းသားများ AI အသုံးပြုမှုနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိနေကြသည်။ ဥပမာ-Assignmentများ ပြီးမြောက်ရန် သင်ယူမှုထက်ကျော်လွန်ပြီး AI နည်းပညာအသုံးပြုနေခြင်းမျိုးဖြစ်သည်။ ယင်းကို ဖြေရှင်းရန် နည်းလမ်းတစ်ခုမှာ ကိုယ်ရေးကိုယ်တာပါဝင်မှု (Personal Engagement) နှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု (Critical Thinking) လိုအပ်သည့် Assignment များကို ပုံဖော်ဒီဇိုင်းထုတ်ခြင်းဖြင့် AI နည်းပညာကို ပုံတူကူးရန်ခက်ခဲပေမည်။

မျက်မှောက်ကာလတွင် AI တတ်မြောက်မှုကို သင်ကြားပေးရန် အရေးကြီးသောအခန်းကဏ္ဍသို့ ရောက်ရှိလာပြီဖြစ်သည်။ ဘက်လိုက်သော သို့မဟုတ် မတိကျသောအကြောင်းအရာများကို ဖန်တီးရန် AI စနစ်များအတွက် အလားအလာများအပါအဝင် AI ၏ စွမ်းဆောင်ရည်များနှင့် ကန့်သတ်ချက်များကို ကျောင်းသားများ နားလည်သင့်သည်။ AI ဖြင့် Assignment များကို ဖြတ်လမ်းဖြင့် ဆောင်ရွက်သည်ထက် သင်ယူလေ့လာမှုအတွက် AI ကိရိယာများကို အသုံးချရန် ကျောင်းသားများအား အားပေးခြင်းသည် ပညာရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်ခြင်း (Academic Integrity) ကို ထိန်းသိမ်းရန် အထောက်အကူဖြစ်စေသည်။

ထို့ကြောင့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် စီမံခန့်ခွဲသူများသည် ယင်းစိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားရန်လိုသည်။ တွေးခေါ်မြော်မြင်သော မဟာဗျူဟာများကို အကောင်အထည်ဖော်ခြင်းဖြင့် AI ၏ ဖြစ်နိုင်ခြေရှိသော အားနည်းချက်များကို ဖြေရှင်းနိုင်ပြီး AI ၏ အကျိုးကျေးဇူးများကို အသုံးချနိုင်မည်ဖြစ်သည်။

ပညာရေးနယ်ပယ်တွင် ဉာဏ်ရည်တုနည်းပညာ၏ အထင်ရှားဆုံးအားသာချက်တစ်ခုမှာ ဒေတာမောင်းနှင်ထားသော ထိုးထွင်းသိမြင်မှုများမှတစ်ဆင့် လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ ပုဂ္ဂိုလ်ရေးဆန်သော သင်ယူမှုအတွေ့အကြုံများကို ပေးစွမ်းနိုင်ခြင်းပင်ဖြစ်သည်။ AI Algorithm သည် ပညာရေးဆိုင်ရာ အကြောင်းအရာနှင့် လုပ်ဆောင်ချက်များကို အံဝင်ခွင်ကျဖြစ်စေရန်အတွက် သင်ယူမှုအရှိန်အဟုန်၊ အားသာချက်များနှင့် အားနည်းချက်များအပါအဝင် ကျောင်းသားတစ်ဦးချင်းစီ၏ အချက်အလက်ကို ပိုင်းခြားစိတ်ဖြာနိုင်သည်။

AI အနေဖြင့် ပညာရေးအပေါ် သက်ရောက်မှုများရှိသည်။ သင်ရိုးညွှန်းတမ်း အစီအစဉ်ရေးဆွဲခြင်းမှ အရည်အသွေးမြင့်သင်ကြားရေးအရင်းအမြစ်အထိ AI အနေဖြင့် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များ ဆောင်ရွက်နေသည့် ဆရာများကို အကောင်းဆုံးလုပ်ဆောင်နိုင်ရန် အထောက်အကူပြုသည်။ ဆရာများအသုံးပြုသည့် အချိန်ပမာဏကို အကောင်းဆုံးလျှော့ချပေးနိုင်သည်။ ဤသို့ဖြင့် ဆရာများသည် သင်ကြားရေးအပိုင်းနှင့် ကျောင်းသားများကို ကူညီပံ့ပိုးလမ်းညွှန်မှုအပေါ် ပိုမိုအာရုံစိုက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဉာဏ်ရည်တုနည်းပညာကို ပညာရေးကဏ္ဍတွင်အသုံးပြုခြင်းဖြင့် သင်ယူမှုကို စိတ်ကြိုက်ပြင်ဆင်နိုင်သည်။ စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များကို အလိုအလျောက် လုပ်ဆောင်နိုင်သည်။ ထိရောက်သော တုံ့ပြန်မှုများပေးနိုင်သည်။ ဤသို့ဖြင့် ကျောင်းများနှင့် ဆရာများအတွက် သင်ယူမှုအတွေ့အကြုံကို မြှင့်တင်ပေးရန် AI က ပညာရေးတွင် ပေါင်းစည်းဆောင်ရွက်ပေးသည်။ ထို့ပြင် AI သည် အကြောင်းအရာများကို တစ်ဦးချင်းလိုအပ်ချက်များနှင့်အံဝင်ခွင်ကျဖြစ်စေသည်။ ချက်ချင်းတုံ့ပြန်ချက်ပေးသည်။ သင်ကြားရေးနယ်ပယ်တွင် ကျောင်းသားများ၏ ထိတွေ့ဆက်ဆံမှုကို အာရုံစိုက်နိုင်စေရန် ကူညီပေးနိုင်သည်။ ပညာရေးကဏ္ဍတွင် AI နည်းပညာ၏အနာဂတ်သည် အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းပေါ်တွင် မူတည်သည်။ ထို့ကြောင့် အနာဂတ်ကာလတွင် AI နည်းပညာသည် သင်ယူမှုအတွေ့အကြုံများကို အခြေခံကျကျ အသွင်ပြောင်းရန် အလားအလာရှိသည်။ ဤသို့ဖြင့် ကျောင်းသားများ၏ လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်ပြီး ပညာရေးကို ပိုမိုဆွဲဆောင်နိုင်သော အလားအလာကို AI နည်းပညာက ဖော်ဆောင်မည်ဟု မျှော်လင့်ရပေသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/အေ)၊ မြေကွက်အမှတ်-၆၆၊ ဧရိယာ (၀.၀၅၆)ဧကရှိ နှစ်(၉၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၃)လမ်း၊ အမှတ် (၁၀၈) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် (၃)ခန်းတွဲ (၈)ထပ်ခွဲတိုက် အဆောက်အဦဆောက်လုပ်ရန်အတွက် ရရှိထားသော ဆောက်လုပ်ခွင့်ပါမစ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခင်မြဝင်း [၁၂/မဂတ (နိုင်) ၀၃၃၉၇၁]၊ ဒေါ်သီသီဝင်း [၁၂/ပဇတ(နိုင်) ၀၂၉၅၂၇] နှင့် ဒေါ်အိုက်ရှာဘီ [၁၂/ပဘတ(ပြု)၀၀၀၅၁၃] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် ဆောက်လုပ်ခွင့်ပါမစ် အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်ဆောက်လုပ်ခွင့်ပါမစ် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ ယုဝတီ(၁၄)လမ်း၊ မြေကွက်အမှတ်(၁၈၄၈) ဟုခေါ်တွင်သော အလျားxအနံ(၂၀x၆၀)ပေအကျယ်ရှိ(ခေါင်းရင်းခြမ်း) ဦးစံတင် အမည် ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်အေးအေးနွယ် [၁၂/သလန(နိုင်)၁၀၁၉၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးချမ်းစိမ့် [၁၂/ဗဟန(နိုင်)၀၆၅၂၆၆]၊ (၂)ဒေါ်ကြည်ကြည်မြင့် [၁၂/ဗဟန(နိုင်)၀၆၃၉၆၆] တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇာနည် (LL.B, D.B.L)** | **ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် (LL.B)** |
| **(စဉ်- ၁၄၆၆၈)** | **(စဉ်- ၁၈၇၂၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း- ၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ ခါတော်မှီ (၁)လမ်း၊ မြေကွက်အမှတ်- ၄၈၂(က)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဦးထင်ကျော်မိုး [၁၂/အလန(နိုင်)၀၀၁၇၂၅]** အမည်ဖြင့် မှတ်သားတည်ရှိပြီး အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း၊ ဂရန်အမည်ပေါက်သူမှ ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၃၆၅)**
**အမှတ် (၃၈၈)၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀(က+ခ)၊ မြေကွက်အမှတ်(၈၅၂)၊ ၁၆-ရပ်ကွက်၊ မာလာမြိုင် (၂)လမ်း၊ အမှတ်(၁၆)ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ ဒုတိယထပ်(၃-လွှာ)၊ လမ်းကိုမျက်နှာမူလျှင်ညာဘက်အခြမ်း၊ အကျယ်အဝန်း (၁၁ ½)ပေ x (၄၈)ပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန်ထရိုက်တာ ဦးမောင်နီ (၁၂/လမန (နိုင်) ၀၄၄၁၅၀)ထံမှ (၁၄-၁၂-၂၀၁၀)ရက်စွဲပါကတိစာချုပ်ဖြင့် ဒေါ်ယဉ်နွဲ့ (၁၂/လမန (နိုင်)၀၁၁၀၆၄)ကဝယ်ယူပိုင်ဆိုင်ထားပြီး၊ ဒေါ်ယဉ်နွဲ့ ကွယ်လွန်သဖြင့် ၎င်း၏အမွေဆက်ခံပိုင်ခွင့်ရှိသောတစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အင်ကြင်းဖြူသိန်း (၁၂/လမန (နိုင်)၁၃၉၂၆၀)မှပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ဒေါ်သီဂီထွန်း (၁၂/လမန(နိုင်)၀၀၀၅၄၉)က (၂၇-၄-၂၀၂၅)ရက်စွဲပါ ကတိစာချုပ်ဖြင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းတိုက်ခန်းအားတရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဆွေဆွေသန်း ( LL.B, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၂၇၀)**
အမှတ်-၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း (A-7/8)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၉၅၅၅၂၁၇၈

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

နေပြည်တော် ဧပြီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုရှည် ဒုတိယဆုရရှိသည့် စာရေးဆရာ ညိမ်းညို ၏ "မေတ္တာထွေးနွေးပါသည်"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် နိုင်ငံနှင့်လူမျိုးအတွက် အသက်ကိုပင်စွန့်လွှတ်ရန် ရည်သန်ထားသော တပ်မတော်သားတစ်ဦးနှင့် ပညာရေးဝန်ထမ်း ရှမ်းတိုင်းရင်းသူ လှပျိုဖြူတစ်ဦး၏ မေတ္တာဇာတ်လမ်းဖြစ် သည်။ သမားရိုးကျဖြစ်ရပ်များဟု ဆိုနိုင်သော်လည်း တပ်မတော်သားများ၏ ဘဝအခက်အခဲများ၊ ရှေ့တန်းတွင် လပေါက်၊ နှစ်ပေါက်နေခဲ့ကြပြီး နောက်တန်းမှာ ခဏလေးသာ နားရပြန်သော်လည်း အချစ်ရေးထက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်နေကြရပုံ၊ တပ်မတော်သားတို့၏ အောင်ပွဲပန်းချီကားများသည် ဆေးနှင့်မခြယ် သွေးနှင့်ခြယ်ထားကြောင်း၊ တပ်မတော်သည် လူမျိုးတစ်မျိုးတည်းကိုသာ တိုက်ခိုက်သည်မဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားနေကြသော သောင်းကျန်းသူများကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုထောက်ခံမှုနှင့် မီဒီယာများ၏အားပေးမှုများက တပ်မတော်သားများအတွက် မဟာသြသဓနတ်ဆေးကြီးဖြစ်ကြောင်း၊ အသက်၊ သွေး၊ ချွေးများကို စတေးကြရင်း ပြည်သူများကိုလည်း အလုပ်ကျွေးပြုနေကြသည့် ပြည်သူ့တပ်မတော်၏ အတွင်း သရုပ်မျိုးစုံကို ရင်ခုန်လှိုက်မောဖွယ်၊ ရင်နင့်ကြေကွဲဖွယ်ကောင်းအောင် ရေးသားဖွဲ့နွဲ့ခြယ်သထားသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် မေတ္တာရသနှင့် သုတအချိုးကျကျ လှလှပပရေးသားထားရာ ဆွဲဆောင်မှုရှိသည့်စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈- ၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ မြေကွက်အမှတ် (၁၉/က)ဟုခေါ်တွင်သောမြေပေါ်ရှိ (၅)ထပ်အဆောက်အဦး၏ ပထမထပ်(မှန်ခန်း)ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (၁၂ ½×၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အရ လက်ရှိထားပိုင်ဆိုင်သူ ဒေါ်သီရိဝင်းပပလှိုင် (၁၂/သကတ(နိုင်)၀၆၃၃၁၅) နှင့် ဒေါ်ပီတီရွှန်းလဲ့လဲ့နိုင်(၁၂/သကတ(နိုင်)၂၂၈၆၆၅) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသူရိန်မျိုး(၁၂/ကမရ(နိုင်)၀၅၄၇၄၂)က (၂၆-၄-၂၀၂၅)ရက်နေ့တွင်နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ထားပါသည်။

အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေ၏တရားဝင်ခွင့်ပြုချက်မရှိဘဲမည်သူတစ်ဦးတစ်ယောက်မျှရောင်းချခြင်း၊ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊စွန့်လွှတ်ခြင်း၊လွှဲပြောင်းခြင်းတို့ကို တစ်နည်းနည်းဖြင့်(လုံးဝ)မပြုလုပ်ရန်နှင့် အခြားသောကိစ္စအရပ်ရပ်အားကျွန်ုပ်၏မိတ်ဆွေများသိရှိခြင်းမရှိဘဲပြုလုပ်ပါကတရားဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)
အမှတ်(၁၀၁)၊ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။၀၉-၄၃၂၀၇၃၃၉

## အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု (D) တွင် ကျရောက်

ရန်ကုန် ဧပြီ ၂၉

၂၀၂၆ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဧပြီ ၂၈ ရက်က မလေးရှားနိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (D)တွင် ကျရောက်ခဲ့သည်။

ယင်းခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၃၃ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးသုံးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် မြောက်ကိုရီးယား၊ နီပေါ၊ ဘူတန်၊ မွန်ဂိုလီးယား၊ ဆော်ဒီအာရေဗျ၊ အုပ်စု(B)တွင် ဗီယက်နမ်၊ ကာဂျစ္စတန်၊ ဟောင်ကောင်၊ စင်ကာပူ၊ အုပ်စု (C)တွင် သြစတြေးလျ၊ တရုတ်(တိုင်ပေ)၊ ပါလက်စတိုင်း၊ တာဂျစ်ကစ္စတန်၊ အုပ်စု(D)တွင် မြန်မာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု(E)တွင် တရုတ်၊ လက်ဘနွန်၊ ကမ္ဘောဒီးယား၊ ဆီးရီးယား၊ အုပ်စု(F)တွင် ဂျပန်၊ အီရန်၊ မလေးရှား၊ ဂူအမ်၊ အုပ်စု(G)တွင် ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ မြောက်မာရီယာနာကျွန်းစု၊ ဘာရိန်း၊ အုပ်စု(H)တွင် တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် တီမောအသင်းတို့ ပါဝင်နေသည်။

ခြေစစ်ပွဲကို ဩဂုတ် ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(D)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားသည်။ ခြေစစ်ပွဲအုပ်စု(A)ကို ဘူတန်၊ အုပ်စု(B)ကို ဗီယက်နမ်၊ အုပ်စု(C)ကို တာဂျစ်ကစ္စတန်၊ အုပ်စု (D)ကို မြန်မာ၊ အုပ်စု(E)ကို တရုတ်(တိုင်ပေ)၊ အုပ်စု(F)ကို မလေးရှား၊ အုပ်စု(G)ကို ဥဇဘက်ကစ္စတန်၊ အုပ်စု(H)ကို လာအိုနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်- ၆၅၃(ဂ)၊ အလျား (၇)ပေx အနံ(၃၀)ပေအကျယ် လျှပ်စစ်မီတာအပါအဝင် မြေအိမ်အကျိုးခံစားခွင့်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးဝင်းနိုင် [၁၂/အစန(နိုင်)၁၁၉၂၃၆]နှင့် ဒေါ်အေးအေးခိုင် [၁၂/အစန(နိုင်) ၁၁၉၄၃၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခိုင်ဇင်နွယ် [၁၂/အစန(နိုင်)၂၀၂၇၉၀]မှ (၅-၂-၂၀၂၅)ရက်နေ့တွင် အဆိုပါ မြေနှင့်အိမ်အား တရားဝင်အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းမြေနှင့်အိမ်အား ယခင်အိမ်ပိုင်ရှင်ဖြစ်သော ဒေါ်အေးအေးခိုင်မှ အခြားသောသူများထံ လိုက်လံပေါင်နှံနေကြောင်း၊ ရောင်းချ နေကြောင်းကြားသိရသည့်အတွက် အထက်ပါအိမ်ခြံမြေအား ဒေါ်ခိုင်ဇင်နွယ် တစ်ဦးတည်းမှသာ ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇင်နွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၃၉)**
**အမှတ်(၂၃၄)၊ ကမ်းနားလမ်း၊ မကျီးတန်းအနောက်/မြောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၈၃၄၃၀၃၈၊ ၀၉-၂၅၄၃၈၃၇၆၁**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **မမေသင်းမောင်** [၂/လကန(နိုင်)၀၆၃၂၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်နေ **မောင်ဟိန်းထူးလင်း(ခ)ဘုန်းလျှံ** (ဘ) ဦးလှမောင်သိန်း [၁၁/စတန(နိုင်)၀၆၁၂၀၉]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ **မမေသင်းမောင်** (ဘ) ဦးမောင်မောင်ကြီး [၂/လကန(နိုင်)၀၆၃၂၈၁]တို့သည် (၂၉-၄-၂၀၂၅) ရက်နေ့ ၌ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသောကြောင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်မှုမရှိတော့ဘဲ တစ်ဦး၏ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့တွင် ဆက်စပ်သက်ဆိုင်ခြင်း လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိဖြိုး** | **ဦးမောင်မောင်မြင့်** |
| **LL.B., D.B.L., D.I.B.L., D.I.L.,D.M.L. WIPO (Switzerland)** | **LL.B., D.B.L., WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၄၇၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၃၃၉)** |

**အမှတ် (၂၃၄)၊ ကမ်းနားလမ်း၊ မကျည်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၈၃၄၃၀၃၈၊ ၀၉-၂၅၄၃၈၃၇၆၁**

○ **ကျောဖုံးမှ**

တိုရီနိုအသင်းကတော့ နာပိုလီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အီတလီစီးရီးအေ ပွဲစဉ် (၃၄) အပြီးမှာ ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၀ မှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

**ဦးဆောင်ခွင့်ရရှိခဲ့**

နာပိုလီအသင်းဟာ တိုရီနိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာက အင်တာမီလန်အသင်းကို သုံးမှတ်ဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်ခွင့် ရရှိခဲ့တာ ဖြစ်ပါတယ်။

နာပိုလီအသင်းဟာ အီတလီစီးရီးအေ ပွဲစဉ် (၃၄) အပြီးမှာ ရမှတ်စုစုပေါင်း ၇၄ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး လက်ရှိချန်ပီယံ အင်တာမီလန်အသင်းကတော့ အိမ်ကွင်းမှာ ရိုးမားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

နာပိုလီအသင်းဟာ လက်ကျန်ပွဲစဉ်တွေအဖြစ် လက်ချီအသင်း၊ ဂျီနိုအာအသင်း၊ ပါးမားအသင်း နဲ့ ကယ်ကလီယာအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

❋ **FIFA မှ**

Southern Yangon Star အသင်းက The Honour အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ထိပ်ဆုံးတွင်ဦးဆောင်နေသည့် ရှိုင်ရယ်ရန်ကုန်အသင်းသည် ငါးပွဲဆက် အနိုင်ရလဒ်နှင့်အတူ ဆက်လက်ဦးဆောင်နေသည်။

ပွဲစဉ်(၅) ဒုတိယနေ့ကို ဧပြီ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြသီတာအသင်းနှင့် အာသာဝတီအသင်း၊ Yangon Focus အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

## ဒေးဒရဲမြို့နယ်၌ မီးဘေးလုံခြုံရေးတစ်အိမ်တက်ဆင်းစစ်ဆေးဆောင်ရွက်

ဒေးဒရဲ ဧပြီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနက (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံဘုတ်ကျေးရွာတွင် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဟန်ဝင်းစိုး ဦးဆောင်၍ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး လိုအပ်သည်များကို စစ်ဆေးဆောင်ရွက်သည်။

စစ်ဆေးဆောင်ရွက်ရာတွင် နေအိမ်များတွင် လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ လျှပ်စစ်မီး၊ ထင်းမီးဖိုသုံးစွဲမှုအခြေအနေများ၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်ပစ္စည်းများ ထားသိုမှု အခြေအနေများကို စစ်ဆေးကာ လိုအပ်သည်များ လိုက်နာဆောင်ရွက်ကြရန် အသိပညာပေးအကြံပြု လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**



**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန** ယာယီ

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**ကြေညာချက်**

**(ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မေ လ ၃၀ ရက်)**

၁။ ၂၀၂၅ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၇၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဇ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၈) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၆၅၄၅၄၄) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၆၅၄၅.၄၄၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၄၅၈၁.၈၀၈**) ဖြစ်ပါသည်။ (၇၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၂၃၂**) အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၄၅၈၂.၀၄၀**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) <u>**အထူးဆုကြီး**</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) <u>**ဆုတစ်ဆုချင်း**</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၁၀) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၆) | ဆု |

(ဂ) <u>**ဝေဝေဆာဆာပဒေသာဆု**</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၆၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၃၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) <u>**ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၁၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၇၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၅-၂၀၂၅) ရက်နေ့ (ကြာသပတေးနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၁၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို နေ့လယ် (၀၂:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့ (အေးမေတ္တာ)ရပ်ကွက်၊ စွယ်တော်ပတ်လမ်း၊ အကွက်အမှတ်(၁၉၈၁)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေx အနံ ၆၀ပေ) (၂၄၀၀ စတုရန်းပေ)အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေ+လျှပ်စစ်မီတာပါဝင်သည့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရရှိပိုင်ဆိုင်ထားကြသော ဦးဇော်သန်းဦး [၁၂/သကတ(နိုင်)၀၀၃၂၃၁]နှင့် ဒေါ်တင်နီလာလှိုင် [၁၂/တမန(နိုင်)၁၀၇၂၇၀]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးပြည့်စုံဝင်း [၉/မနမ(နိုင်)၁၀၆၅၄၁]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ –**

**ဦးကျော်ဇေယျ (LL.B) (စဉ် ၁၃၁၈၁/၁၇)** **ဒေါ်နော်ဆည်းဇာ (LL.B) (စဉ် ၁၂၆၃၇/၁၇)**

**ဒေါ်မြင့်မြင့်သန်း (LL.M) (စဉ် ၁၃၂၄၀/၁၇)** **ဒေါ်ဝေမာနွယ် (LL.B) (စဉ် ၁၄၇၁၁/၁၈)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၃)၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး၊ ပဲခူးစုရပ်ကွက်(ရုံးတော်ကွက်)၊ သန်လျင်မြို့။ ဖုန်း – ၀၉-၅၁၇၃၇၅၈**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ဦးမိုးသော် [၉/မလန(နိုင်)၀၀၃၂၅၈] နှင့် ကျွန်မ ဒေါ်ခင်အေးမူ [၉/မလန(နိုင်)၀၀၃၂၈၀]တို့၏ မွေးစားသားဖြစ်သော မောင်အာကာမိုး [၉/မလန(နိုင်)၁၈၁၈၅၃]သည် ၁၀-၉-၂၀၂၂ ရက်နေ့မှစ၍ မိဘ၏သွန်သင်ဆုံးမမှုကို လက်မခံဘဲ နေအိမ်မှထွက်သွားသည်မှာ ယနေ့အထိဖြစ်ပါသည်။ ၎င်းအား ရှာဖွေ၍မရခြင်း၊ ဆက်သွယ်လာခြင်းများလည်းမရှိပါသောကြောင့် မွေးစားသားအဖြစ်မှ (အပြီးအပိုင်) စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်အာကာမိုးနှင့်ပတ်သက်၍ ဆိုးခြင်း၊ ကောင်းခြင်းများ ပေါ်ပေါက်လာပါကလည်း ကျွန်တော်ဦးမိုးသော်နှင့် ကျွန်မဒေါ်ခင်အေးမူတို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ) ဦးမိုးသော်–ဒေါ်ခင်အေးမူ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–ရန်ကုန်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–ရန်ကုန်တွင် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးစက်ပစ္စည်းများ(Machinery & Equipment)၊ အရပ်ရပ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများ (Dental Material, Medical Book & Journal နှင့် E– Goverment)အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၅–၅–၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်တွင် လာရောက်ဝယ်ယူနိုင်ပြီး (၁၆–၅–၂၀၂၅)ရက်နေ့ ညနေ(၄:၃၀)နာရီ နောက်ဆုံးထားတင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းရမည့်စာရင်းများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–ရန်ကုန်ရှိ ကြော်ငြာသင်ပုန်းများတွင် ဖော်ပြထားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း–၀၁–၇၅၇၁၂၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–ရန်ကုန်**

**ကယားပြည်နယ်အစိုးရအဖွဲ့**

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**

**နယ်စပ်ဒေသဖွံ့ဖြိုးရေး(မူလ)ရန်ပုံငွေဖြင့်**

**ဆောင်ရွက်မည့်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၂၀၂၅ –၂၀၂၆ဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး (မူလ)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျောက်လမ်း (၁)လမ်း၊ ကတ္တရာလမ်း(၁၄)လမ်း၊ ကွန်ကရစ်လမ်း(၁)လမ်း၊ ကတ္တရာထပ်ပိုးလွှာ(၁)လမ်း၊ Box Culvert (၅)စင်း၊ Pipe Culvert (၂)စင်းနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်း (၁)လုံး စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) **အိတ်ဖွင့်တင်ဒါစတင်ရောင်းချ / တင်သွင်းရမည့်ရက်** – (၂၉–၄–၂၀၂၅)ရက်၊ (အင်္ဂါနေ့) (ရုံးချိန်အတွင်း) မှ (၁၂–၅–၂၀၂၅)ရက်၊ (တနင်္လာနေ့) အထိ(ရုံးချိန်အတွင်း)

(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်နှင့်အချိန်** – (၁၂–၅–၂၀၂၅)ရက်၊ (တနင်္လာနေ့) (၁၆:၃၀)နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ရက်နှင့်အချိန်** – အိတ်ဖွင့်တင်ဒါဖွင့်ပွဲပြုလုပ်မည့် ရက်အား ဆက်လက်အကြောင်းကြားသွားပါမည်။

အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ သီဟလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ဖုန်း– ၀၉–၂၅၆၁၀၄၆၈၆၊ ၀၉–၆၇၈၀၇၉၅၅၇၊ ၀၉–၄၂၈၀၀၄၁၁၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**အများသိစေရန် ကြေညာခြင်း**

ဒေါ်စိုးစန္ဒာအောင် [၁၄/ဘကလ(နိုင်)၃၂၉၅၄၅] (ဘ) ဦးသက်အောင်နှင့် ဦးဖြိုးဝေအောင် [၁၄/ဖပန(နိုင်) ၂၃၇၆၂၇] (ဘ) ဦးစိန်ကြည်တို့သည် ၂၀၂၂–ခုနှစ်၊ ဖေဖော်ဝါရီလကတည်းက လင်ခန်း၊ မယားခန်း ပြတ်စဲခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်နွယ်ခြင်း လုံးဝမရှိတော့ပါ။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစန္ဒာအောင်နှင့် ဦးဖြိုးဝေအောင်တို့သည် နောက်နောင်တွင်တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမြစိန် တရားလွှတ်တော်ရှေ့နေ (စဉ်–၃၈၄၄)**

**ဖုန်း – ၀၉–၅၅၀၁၂၃၈**

**၂၂၀/ဥက္ကာ(၈)လမ်း၊ (ဂ)ရပ်ကွက်၊ မ/ဥ။**

**မန္တလေးတိုင်းဒေသကြီး၊ပြည်ကြီးကျက်သရေအနောက်ရပ်၊ အကွက်အမှတ် (၁၆၇)၊ ဦးပိုင်အမှတ် (၄၄)၊ (၁၉၈၁–၈၂) ဘိုးဘွားပိုင်မြေ၊ ဧရိယာ (၀.၀၃၄၆)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ စိမ်းလဲ့ရိပ်သာ၊ အမှတ်(၄၂–အီး)၊ အခန်းအမှတ် (၁/K2)၊ ပထမထပ်နေ အဖ–ဦးခင်မောင်ရင်၏ သားများဖြစ်ကြသော ဦးကြည်စိုး နိုင်ငံသားအမှတ် [၉/မနမ(နိုင်)၀၀၁၅၈၄]ကိုင်ဆောင်သူနှင့် ဦးထွန်းနောင်စိုး နိုင်ငံသားအမှတ် [၁၂/ရကန(နိုင်)၀၀၆၂၆၉]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဖခင်ဦးခင်မောင်ရင်နှင့် မိခင်ဒေါ်နုနုကြည်တို့ကွယ်လွန်သည့်အခါ သားသမီးများဖြစ်ကြသော ဦးကြည်စိုး၊ ဦးထွန်းနောင်စိုး၊ ဒေါ်ဟန်စုယဉ်တို့(၃)ဦးသည် အမွေခံသားသမီးများအဖြစ် ကျန်ရစ်ခဲ့ကြပါသည်။ ထို့အတူ အထက်လိပ်စာပါ ဘိုးဘွားပိုင်မြေနှင့် (၃)ထပ်တိုက်တစ်လုံး အမွေပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

သို့ပါ၍ အထက်လိပ်စာပါ ဘိုးဘွားပိုင်မြေနှင့် (၃)ထပ်တိုက်တို့အား ဦးကြည်စိုးနှင့် ဦးထွန်းနောင်စိုးတို့၏ သဘောတူညီမှုမပါဘဲ အမည်ပြောင်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်းတို့ မပြုလုပ်ရန် အများသိစေရန်ကြေညာအပ်ပါသည်။ ဤကြေညာချက်အား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးချစ်ကိုကို (ဘဏ်) B.Sc.(Phy), H.G.P, D.B.L,D.M.L, D.I.L, D.A.Psy, WIPO(Switzerland) P.G.D.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၁၉၇)**

**ဒေါ်နေခြည်ဝင်းထွဋ် (LL.B, WIPO)** **ဒေါ်စန္ဒာအောင် (LL.B,LL.M, WIPO)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၁၉) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၀၀)**

**ဒေါ်မိုးပြည့်လှိုင် (LL.B,WIPO)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၅၁၀)**

**အမှတ်– ၃၃/၄၉၊ ရှိုင်းကွန်ဒို (မြေညီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း– ၀၉–၅၄၀၅၅၆၇၊ ၀၉–၉၆၂၈၈၆၈၈၅**

## ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီ
## စားအုန်းဆီအိမ်တိုင်ရာရောက် ရောင်းချဖြန့်ဖြူးမည့် အစီအစဉ်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်သို့ စားအုန်းဆီများကို မိသားစုတစ်စု တစ်လစာဝယ်ယူနိုင်ရန်၊ လျင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက်ဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက် တစ်ကြိမ်လျှင် ၂ပိဿာ ၇၅ကျပ်သား (၅လီတာ)နှုန်းဖြင့် ဝယ်ယူနိုင်ရေးကို ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီမှ စီစဉ်ဆောင်ရွက်ထားပါသည်။

အိမ်ထောင်စုတစ်စုလျှင် တစ်လ ၂ ပိဿာ ၇၅ ကျပ်သား (၅လီတာ) နှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ခရိုင်(၁၄)ခု၊ မြို့နယ်(၄၄) မြို့နယ်တွင် **ခရိုင်အလိုက် Call Center များထားရှိပြီး** မှာကြားချက်များကို လက်ခံမှတ်သားသွားမည်ဖြစ်ပါသည်။ နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀) နာရီ အတွင်း တနင်္လာနေ့မှ သောကြာနေ့အထိ **(စနေနေ့၊ တနင်္ဂနွေနေ့နှင့် အစိုးရ ရုံးပိတ်ရက်မပါ)** အောက်ပါ ဖုန်းနံပါတ်သို့ မှာကြားနိုင်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် /မြို့နယ်အမည်စာရင်းများ**

| စဉ် | ခရိုင်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁ | တိုက်ကြီးခရိုင် | တိုက်ကြီးမြို့နယ် | ၀၁-၄၇၀၅၅၆၆ (လိုင်းခွဲ-၁၅ လိုင်း) ၀၉-၉၄၀၁၇၁၂၂၂ (လိုင်းခွဲ- ၁၅ လိုင်း) |
| ၂ | လှည်းကူးခရိုင် | လှည်းကူးမြို့နယ် | |
| ၃ | မှော်ဘီခရိုင် | မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နယ် | |
| ၄ | မင်္ဂလာဒုံခရိုင် | မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ် | |
| ၅ | အင်းစိန်ခရိုင် | အင်းစိန်မြို့နယ်၊ လှိုင်သာယာအရှေ့ပိုင်း၊ လှိုင်သာယာအနောက်ပိုင်း | |
| ၆ | သန်လျင်ခရိုင် | သန်လျင်မြို့နယ်၊ သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ် | |
| ၇ | တွံတေးခရိုင် | တွံတေးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဒလမြို့နယ် | |
| ၈ | မရမ်းကုန်းခရိုင် | မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ် | |
| ၉ | ကျောက်တံတားခရိုင် | ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ဒဂုံမြို့နယ် | ၀၉-၇၇၁၀၀၂၇၂၂ (လိုင်းခွဲ- ၁၀ လိုင်း) ၀၁-၄၇၀၆၇၂၂ (လိုင်းခွဲ-၁၀ လိုင်း) |
| ၁၀ | အလုံခရိုင် | အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ် | |
| ၁၁ | သင်္ဃန်းကျွန်းခရိုင် | သင်္ဃန်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ် | |
| ၁၂ | ဗိုလ်တထောင်ခရိုင် | ဗိုလ်တထောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ သာကေတမြို့နယ် | |
| ၁၃ | ဒဂုံမြို့သစ်ခရိုင် | ဒဂုံမြို့သစ်ဆိပ်ကမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း | |
| ၁၄ | ကမာရွတ်ခရိုင် | ကမာရွတ်မြို့နယ်၊ ဗဟန်းမြို့နယ် | |

ဈေးနှုန်းအနေဖြင့် တနင်္လာနေ့တိုင်း သတင်းစာများတွင် ထုတ်ပြန်သည့် လက်ကားရည်ညွှန်းဈေးနှုန်းကို အခြေခံ၍ ကုန်ကျစရိတ်ကို ထည့်သွင်းတွက်ချက်ထားသည့် ဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ Delivery ခကို မှာကြားသည့် ဝယ်သူဘက်မှ ပေးချေရပါမည်။ **ပစ္စည်းရောက်ငွေချေစနစ်** ဖြင့်သာ ရောင်းချသွားမည်ဖြစ်ပါသည်။ **ဆီဖိုးကို ကြိုတင်ပေးချေရန် မလိုပါ။** မှာကြားရက်နှင့် ပစ္စည်းရောက်မည့်ရက်မှာ သုံးရက်ခန့် ကွာခြားနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီ**

---

ပြင်ဆင်ဖတ်ရှုပါရန်

(၄. ၁၀. ၂၀၂၄) ရက်နေ့ထုတ် ဤသတင်းစာ၏ စာ-၂၃ ၌ ဒေါ်ခိုင်သူဇာဝင်း (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာချက်ပါ မြေကွက်အမှတ် (L-၃၀၂)၏ခေါင်းရင်းခြမ်း (၂၀×၆၀)ပေအစား (မြေရင်းခြမ်း)(၂၀ × ၆၀)ပေ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၆၇၄၊ ၁၈၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၆၇၄)၊ ကံ့ကော်လမ်းမ၊ (၄)ရပ်ကွက်၊ ဒေါ်သန်းထွေး [၁၂/ဥကမ(နိုင်)၁၄၂၅၄၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်သန်းထွေးထံမှ (၉-၉-၂၀၁၄)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးစိုးဝေ၊ ဒေါ်သီသီလှိုင်တို့မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၅၅/၂၀၂၄ ဖြင့် ဒေါ်သန်းထွေးအပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ (၂၁-၁၀-၂၀၂၄)ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၅၃/၂၀၂၄/၂-၁၂-၂၀၂၄ ရက်စွဲပါအမိန့်အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းဝင်စာအမှတ်-၃၆၈၂/၃-၄-၂၀၂၅ ရက်စွဲဖြင့် ဦးစိုးဝေ၊ ဒေါ်သီသီလှိုင် တို့မှ မြေစာရင်း ဧရိယာ (၃၀ပေx၆၀ပေ)=၁၈၀၀စ/ပေဖြင့် မြေပုံကူးဆောင်ရွက်ပေးမည်ကို သိရှိကြောင်း ဝန်ခံကတိတင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

---

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (အတွင်းပဒုံ)ရပ်ကွက်၊ ရွှေကမ်းသာယာအိမ်ရာဝင်း၊ ရွှေကမ်းသာယာလမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ် (၃၈၆)၊ အကျယ်အဝန်း(၇၀x၄၅)ပေ၊ ဧရိယာ (၀.၀၇၂)ဧကရှိ ဒေါ်တင်တင်ခိုင်အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(A-3) +(B-52) ဟုခေါ်တွင်သော ရေမီးအစုံပါ(၂)ထပ်တိုက်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား**

**ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း**

အထက်ပါမြေနှင့်အိမ်အား ဂရန်အမည်ပေါက်ပိုင်ရှင်မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်ခိုင်[၁၂/မရက(နိုင်)၀၂၅၃၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ) နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးမွန်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၁) ရပ်ကွက်၊ ဦးမြူလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၄၁၉)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိဒေါ်ခင်သန်း အမည်ပေါက် ပါမစ်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း**

**ကြော်ငြာခြင်း**

အထက်ပါမြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်မာဝင်း[၁၂/ကမတ(နိုင်)၀၆၀၁၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေကွက်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ) နှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နွယ်နီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၇)ရပ်ကွက်၊ ဓမ္မသုခ(၉) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ/၆၃ တိုးချဲ့)၊ မြေကွက်အမှတ် (၃၂)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးမြသောင်းအမည်ပေါက် ပါမစ်မြေအမျိုးအစားနှင့် ယင်းမြေကွက်နှင့်တစ်ဆက်တည်း ပေပို (၂၀x၆၀)ပေ အပါအဝင် ရေမီးအစုံပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း**

**ကြော်ငြာခြင်း**

အထက်ပါမြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကောင်းဆက်အောင်[၁၄/ငရက(နိုင်)၀၀၃၀၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေကွက်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစိုင်းနွမ်ဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

---

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"**

Alliance Properties Co.,Ltd အမည်ပေါက်သည့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ မင်္ဂလာဦးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်- ၁၂၂/မြို့ဦးရပ်၊ ဦးပိုင်အမှတ်- ၉၊ မြေကွက်အမှတ်- ၄၉၊ အကျယ်အဝန်း(၀. ၄၃၅) ဧကရှိ နှစ် (၃၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်တို့ကို Alliance Properties Co.,Ltd နှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်လှတင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ် - ၈၅၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉-၅၀၂၁၂၄၄**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ သုခနုလမ်း၊ မြေကွက်အမှတ် (၉၈၃)၊ ဒေါ်ငွေငွေသန်းအမည်ပေါက် ပါမစ်မြေကွက် (၄၀' x ၆၀')အနက်မှ (၂၀' x ၆၀')ရှိ အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ပါအိမ်ခြံမြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတက်လူ (၇/ညလပ (နိုင်) ၁၁၅၀၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစိတ်တဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အပေါ် ကန့်ကွက်အရေးဆိုလိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)နှင့်တကွ ဤကြော်ငြာစာပါသည့်နေ့မှ ( ၇ )ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးဝင်းနိုင် (မုံရွာ) | ဒေါ်သင်းသင်းညို |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၇၀၉/၉၁) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၈၆/၁၄) |

အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (A-15)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 - 5169610, 09 - 785169610

---

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ် လူသစ်**
**ဘဝသစ်**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈ သမိုင်း၊ မြေကွက်အမှတ်-၁၀/ဧ-၆/E၊ အိမ်အမှတ်၂၀/E၊ ကုန်းမြင့်ရိပ်သာလမ်း၊ ၆-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း(၀.၁၁၅)ဧကရှိ (မြေပိုင်မြေအမျိုးအစား) ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ကျွန်ုပ်မိတ်ဆွေမှ တရားဝင် လွှဲပြောင်းရောင်းချတော့မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း အထောက်အထား မူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စိုးစိုးမော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၂၄)**
**အမှတ်-၁၉၅၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၄၀၇၈၃၀**

---

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ(၂)လမ်း၊ အမှတ်(၆၃၄/က)ပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း (၃)ထပ်တိုက်၏ **ပထမထပ်**၊ အကျယ်အဝန်း (၁၇ ပေ X ၅၁ ပေ)ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးသန်းဇော်ဌေး (၁၂/သကတ(နိုင်)၁၂၅၈၆၇)**ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကစာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်မေသဉ္ဇာခိုင် ( LL.B )**
အထက်တန်းရှေ့နေ (စဉ်-၄၈၇၁၈)
အမှတ်(B-3)၊ အခန်း(105)၊ သပြေလမ်း၊ ရွှင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၉၁၁၆

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ မြေကွက်အမှတ်(၄၂၆)၊ မြေအကျယ်အဝန်း(၄၀ ပေx ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၄၂၆)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉/B)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ ဒေါ်နန်းစံဟောင်(ခ)စံဟွမ် [၁၃/တကန(နိုင်)၀၀၄၀၄၈]မှ SP အမှတ်-၉၇၉၆/၂၀၂၁ လွှဲအပ်ပေးထားပြီး၊ အမည်ပေါက်ကိုယ်စား လက်မှတ်ရေးထိုးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မျိုးမျိုးရီ [၁၂/သကတ(နိုင်)၁၄၁၁၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် (၂၀-၄-၂၀၂၅)ရက်နေ့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၁၉)**
**ဖုန်း - ၀၉-၄၂၃၆၅၄၀၄၀၊ ၀၉-၇၇၃၁၃၁၄၈၄**

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊သမာဓိလမ်း၊မြေကွက်အမှတ်(၂၁၆/က)၊ဧရိယာ(၀.၀၂၇၅)ဧကရှိ ဦးမင်းဇော်(၁၂/မဂတ(နိုင်)၀၂၂၂၁၁)နှင့်ဒေါ်စိုးစိုးရီ(၁၂/မဂတ(နိုင်)၁၃၀၆၆၇)ပူးတွဲအမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။**

အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်အား မြေအမည်ပေါက်များထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်များဖြင့် ဒေါ်သီတာ (၇/လပတ(နိုင်)၀၈၂၇၉၅) ကတရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်လျှက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)အချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇

---

## ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်-၁၅၁ ဟုခေါ်တွင်သော (၈)ထပ်တိုက်အဆောက်အဦ၏ တတိယထပ် (၂၅'x၅၀')ရှိ တိုက်ခန်းကို အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အဆိုပါ တိုက်ခန်းသည် မြေရှင်များဖြစ်ကြသော ဦးထွန်းကိုကိုကြီး၊ ဒေါ်လဲ့လဲ့ဝင်း၊ ဦးမျိုးကိုကိုကြီးတို့ အတူပူးတွဲပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ ဦးထွန်းကိုကိုကြီးသည် ၁၄-၇-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီးနောက် ဦးထွန်းကိုကိုကြီး၏ ညီမဖြစ်သူ ဒေါ်လဲ့လဲ့ဝင်းနှင့် ညီဖြစ်သူ ဦးမျိုးကိုကိုကြီးတို့ ၂ ဦးမှလွဲ၍ အခြားသောအမွေစားအမွေခံများ ကျန်ရှိခြင်းမရှိခြင်းကြောင့် အဆိုပါ တိုက်ခန်းကို ယခုအခါ ဒေါ်လဲ့လဲ့ဝင်းနှင့် ဦးမျိုးကိုကိုကြီးတို့ ၂ ဦးသာ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်း၊ ပိုင်ဆိုင်မှုပြဿနာအရှုပ်အရှင်းကင်းကြောင်းဖြင့် ဒေါ်လဲ့လဲ့ဝင်း၊ ဦးမျိုးကိုကိုကြီးတို့က ဝန်ခံကတိပြုကာ ရောင်းချရန်ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကလည်း အဆိုပါ တိုက်ခန်းကိုဝယ်ယူရန် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၈)**
**၃၈၊ ၃လွှာ၊ ရေဝတီလမ်း၊ အလုံမြို့နယ်။ 09-43095369**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကံ့ကော်လမ်း(ခ)၊ မေဃဝတီတိုးချဲ့(၁/န) (၁၃)လမ်း၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၈၉၃)၊ ဒေါ်စောရီလဲ့ (HGU-၀၈၆၁၂၅) အမည်ဖြင့် နေရာချထားပေးသော ဧရိယာ(၄၀x၆၀)ပေအနက်မှ ခေါင်းရင်းခြမ်း (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ရှိ (၁)ထပ်တိုက်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးရှိုင်းလင်းထွန်း (ဘ) ဦးတင်ဦး[၁၀/သထန(နိုင်)၁၈၆၉၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာဇော် [၁၂/လကန(နိုင်) ၂၃၄၂၃၂] က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာဇော် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၄)**
**(၁/ရ-၁၂၃)၊ ၁/ရ(၅)လမ်း၊ မေဃဝတီတိုးချဲ့သာသနာ့ရိပ်သာရပ်ကွက်၊**
**လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၁၀၃၀၆၈၇၊ ၀၉-၇၉၅၄၈၅၄၃၈**

---

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ကျော်သူ (၁၉)လမ်း၊ မြေကွက်အမှတ်(၇၃၀/က) ပေါ်တွင်ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (၁၈x၅၄)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ပိုင်ရှင် ဖြစ်သူ ဦးမြင့်အောင် [၉/မရတ(နိုင်) ၀၉၀၉၄၉]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်နီလာစိုး[၁၂/မဂတ(နိုင်)၀၁၃၇၂၁]နှင့် ဒေါ်စန္ဒာစိုး [၁၂/ရကန(နိုင်)၀၄၉၁၁၀]တို့မှ ဝယ်ယူရန် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအပြင် (၂၈-၄-၂၀၂၅) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၀)တွင်လည်း ယင်းတိုက်ခန်းဝယ်ယူမှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်ကိုလည်း ထည့်သွင်း ကြေညာထားပြီးဖြစ်ပါသည်။

သို့ရာတွင် ယခုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ဝယ်ယူသူ ကျွန်ုပ်တို့၏မိတ်ဆွေများဘက်မှ ပေးချေထားသော စရန်ငွေများ အဆုံးရှုံးခံ၍ ဆက်လက်ဆောင်ရွက်တော့မည်မဟုတ်ပါကြောင်းနှင့် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ် အပါအဝင် (၂၈-၄-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)ပါ ယင်းတိုက်ခန်း ဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်တို့အား ပယ်ဖျက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာစိုး[၁၂/မဂတ(နိုင်)၀၁၃၇၂၁]နှင့်**
**ဒေါ်စန္ဒာစိုး [၁၂/ရကန(နိုင်)၀၄၉၁၁၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဝါဝါနွယ်(LL.B., DBL)** | **ဒေါ်မို့မို့နှင်း(LL.B., DBL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၈၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၇၅၅၀)** |

**အမှတ်(၁၃၈)၊ အခန်း(၃-ဘီ)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၇၄၂၈၅၈၊ ၀၉-၇၉၂၆၀၀၀၀၅၊ ၀၉-၄၀၀၄၀၆၈၈၆**

---

## အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် ဦးတင်ဇော်ဝင်း [၁၁/စတန(နိုင်)၁၁၇၄၃၁]၏ ဖခင်အမည်မှာ ဦးကျော်စောလှနှင့် ဦးကျော်ဇောလှ [၁၁/မဥန(နိုင်)၀၅၄၁၂၇] ဟု အမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာဖြစ်ပြီး မိခင်အမည်မှာလည်း ဒေါ်သီတာလှိုင်နှင့် ဒေါ်နန်းဖောင်းကျော [၁၃/မပတ(နိုင်)၀၁၀၁၉၁]ဟု အမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာ လျှင်ဖြစ်ပါသည်။

**ဦးတင်ဇော်ဝင်း**
**[၁၁/စတန(နိုင်)၁၁၇၄၃၁]**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ မေဃဝတီလမ်း၊ မြေကွက်ကြီးအမှတ်- (၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၈၇၅)၊ ဦးဝင်းကြည် အမည်ပေါက်၊ စလစ်နီမြေအမျိုးအစား၊ အလျား(၆၀)ပေx အနံ(၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်အပြင် ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသော မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အဆက်စပ်စာချုပ်အရပ်ရပ်ဖြင့် မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိပြီး၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်လင်းအောင် [၁၂/လကန(နိုင်)၁၄၃၉၅၅]မှ မြေကွက်၏ကာလပေါက်ဈေးများနှင့်အညီ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းမင်းလတ်[၅/မမန(နိုင်)၀၉၂၁၃၆]နှင့် ဒေါ်ဖူးဖူးထက် [၅/မမန(နိုင်)၀၈၅၆၁၇]တို့မှ ယင်းတန်ဖိုးဖြင့် အပိုင်ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၀)**
**အမှတ်(၁၈၁)၊ပိတောက်မြိုင်လမ်း၊ရွာမအနောက်ရပ်ကွက်၊အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၃၆၂၁၆၉၊ ၀၉-၉၄၅၅၄၅၅၅၃**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာဇာဖြိုး [၁၂/ဥကတ(နိုင်)၁၅၈၉၇၁]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ဇာဇာဖြိုးသည် (၂၀၁၇) ခုနှစ်ကတည်းက "Designer" အမည်ဖြင့် ဆိုင်ဖွင့်လှစ်၍ Fashion Designer အလုပ်ကို ဂုဏ်သိက္ခာရှိစွာ၊ သမာအာဇီဝ ကျကျ လုပ်ကိုင်ခဲ့သူဖြစ်ပါသည်။ ယခုအခါ Social Media နှင့် အခြားသော ဆက်သွယ်ရေးကွန်ရက်များတွင် ကျွန်ုပ်၏မိတ်ဆွေအား ထိခိုက်နစ်နာစေရန်၊ အနှောင့်အယှက်ဖြစ်စေရန်၊ အသရေပျက်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စော်ကားပြုမူတိုက်ခိုက်ပြောဆိုနေသည့်အပြင် မဟုတ်မမှန်သော သတင်းအချက်အလက်များကိုလည်း ရေးသားဖြန့်ချိခြင်းများကို ပြုလုပ်နေကြောင်း တွေ့ရှိရပါသည်။

ထိုသို့ ကျွန်ုပ်မိတ်ဆွေအပေါ် အဆိုပါအပြုအမူ အပြောအဆိုရေးသားခြင်းများကို မပြုလုပ်ရန်နှင့် ဆက်လက်ပြုမူလုပ်ဆောင်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာဇာဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေဇွန်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၆၁)**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၈၉၀၂၂၇၄၃၊ ၀၉-၉၆၂၆၁၆၄၃၃**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇-လမ်း၊ အမှတ်(၁၅၄)၊ အကျယ်အဝန်း (၁၄'x ၅၀')ရှိ ဒုတိယထပ်(ယာ)(၃လွှာ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ခင်လေး [၁၃/လရန(နိုင်) ၁၀၁၃၄၃]က ဦးကြီးမြင့်ထံမှ အရောင်းအဝယ်ကတိစာချုပ် အဆက်အစပ်များဖြင့် လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးရဲစည်သူနိုင် [၇/ပတန(နိုင်)၀၆၇၁၇၃]နှင့် ဒေါ်အေးသီတာဝင်း [၁၂/လသယ(နိုင်)၀၄၆၃၂၈] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကိုကို(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၀၆၈)**
**အမှတ်-(၁၂၃)၊၄-လွှာ(ယာ)၊ လမ်း(၄၀)အောက်၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၇၅၁၀၀၆၀၂**

---

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန် အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်(B-၅)၊ ၆လွှာ၊ အခန်းအမှတ်(၆၀၁)၊ ဧရိယာစတုရန်းပေ(၉၄၆)sqft ရှိ B အမျိုးအစား ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးခိုင်ကျော်ထွန်း [၁၂/သကတ(နိုင်)၀၃၆၉၆၅]နှင့် ဒေါ်ပြုံးပြုံး[၁/မကန(နိုင်)၀၁၉၃၈၇]တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာသည့်အတွက် ဦးခိုင်ကျော်ထွန်းနှင့် ဒေါ်ပြုံးပြုံးတို့ကိုယ်စား ဦးထွဋ်ထွဋ် [၁၂/သလန(နိုင်)၀၉၈၁၂၂]ထံသို့ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမျိုးဝင်း** | **ဦးအာကာဦး** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၉၀၇၀)** | **အထက်တန်းရှေ့နေ (စဉ် - ၅၄၇၆၄)** |

**အမှတ်-၁၂၂ ၊ ပထမထပ်နှင့်ဒုတိယထပ် ၊ အနော်ရထာလမ်း**
**(ပန်းဆိုးတန်းလမ်းထောင့်)ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၄၄၁၁၆၉၇၇၁**

---

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ် ၊ ကမ်းနားလမ်း၊ အမှတ်-၂၃-S တွင် တည်ရှိသော **Grand Sirius Co., Ltd.** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ **Grand Sirius Co., Ltd.** သည် ၂၀၂၂-ခုနှစ်တွင်မှစတင်ကာ NETA လျှပ်စစ်ကားများအား မြန်မာနိုင်ငံ၏ တစ်ဦးတည်းသောကိုယ်စားလှယ်အဖြစ် ဝယ်ယူသုံးစွဲသူများ စိတ်ကျေနပ်မှု၊ ယုံကြည်မှု ရရှိသည်အထိ နာမည်ဂုဏ်သတင်းကောင်းဖြင့် ဖြန့်ဖြူးရောင်းချခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။ NETA လျှပ်စစ်ကားများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ နှင့် မလေးရှားနိုင်ငံရှိ စက်ရုံများတွင် ထုတ်လုပ်ပြီး ကမ္ဘာတစ်ဝှမ်းသို့ တင်ပို့ရောင်းချနေသော ကားများဖြစ်ပါသည်။

ယခု လတ်တလောတွင် Socail Media ဖြစ်သော Facebook , Instergram , Tiktok , Twitter မှ တဆင့် NETA အမှတ်တံဆိပ် မော်တော်ကားများအား တင်သွင်းဝယ်ယူ ဖြန့်ဖြူးရောင်းချသူ ကျွန်ုပ်မိတ်ဆွေ **Grand Sirius Co., Ltd.** အား ဂုဏ်သရေညှိုးနွမ်းစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်စွပ်စွဲ သတင်းဖြန့်ဖြူးရေးသားခြင်းများပြုလုပ်နေသည်ကို တွေ့ရပါသည်။ ထိုသို့ NETA လျှပ်စစ်ကားများအပေါ် ဝယ်ယူသူ ၊ သုံးစွဲသူများ အထင်အမြင်လွဲမှားအောင် နစ်နာစေလိုသည့်အကြံဖြင့် ဖြစ်စေ၊ နစ်နာစေသည်ကို သိလျက်နှင့်ဖြစ်စေ၊ နစ်နာစေလိမ့်မည်ကို ယုံကြည်လောက်စရာ အကြောင်းများရှိလျက်နှင့်ဖြစ်စေ၊ မမှန်မကန် သတင်းများအား ရေးသားဖြန့်ဝေသည့် မည်သူ့ကိုမဆို တည်ဆဲတရားဥပဒေများနှင့်အညီ စုံစမ်းအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါ အသိပေးကြေညာခြင်းသည် ကျွန်ုပ်မိတ်ဆွေ **Grand Sirius Co., Ltd.** မှ တစ်ဦးတည်းပိုင် ဖြန့်ဖြူးရောင်းချလျက်ရှိသော NETA လျှပ်စစ်ကားများနှင့်ပတ်သက်၍ ရည်ရွယ်ချက်ရှိရှိ မဟုတ်မမှန်သတင်း ဖြန့်ဖြူးသူများကိုသာ ရည်ရွယ်အသိပေးခြင်းဖြစ်ပြီး NETA လျှပ်စစ်ကားများကို ဝယ်ယူသုံးစွဲသူများအား ပစ္စည်းနှင့်ပတ်သက်၍ အခက်အခဲ အဆင်မပြေမှုများအား အကြံပေးပြောဆိုခြင်းများ မပြောကြားရန် ပိတ်ပင်ခြင်း မဟုတ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ -** | **ဦးသန်းလွင်ဦး (LL.B)** | **ဒေါ်နှင်းဝတ်ရည်ထွန်း (LL.B)** |
| | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၁၁) | အထက်တန်းရှေ့နေ (စဉ်-၅၁၀၉၇) |

အမှတ်-၁၃၅ ၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၅၆၀၇၇၃၊ ၀၉-၄၄၉၄၄၈၇၉၇

---

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁/၁)ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၆၇၀) ဟုခေါ်တွင်သော ဒေါ်သန်းမြင့်(မြေချပါမစ်အမည်ပေါက်)၊ (အလျား-၄၀ပေx အနံ-၆၀ပေ) မြေကွက်အနက်မှ အမှတ်(၆၆၉) နှင့်ကပ်လျက်ရှိသော (အလျား-၁၀ပေxအနံ ၆၀ပေ)မြေကွက်နှင့် ၎င်းမြေပေါ်ရှိ နေအိမ်၊ ရေ/မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ဒေါ်ယဉ်ယဉ်နွယ် [၁၂/ဥကမ(နိုင်)၀၀၀၉၀၇]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုလှိုင် [၈/ဂဂန(နိုင်)၀၆၄၄၂၀]က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ချောစုလှိုင်**
**[၈/ဂဂန(နိုင်)၀၆၄၄၂၀]**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအာကာဝင့်ဇော်(LL.B)** | **ဒေါ်အိရွှေစင်(LL.B, D.B.L)** |
| **(စဉ်- ၁၆၁၆၉)** | **(စဉ်- ၁၆၁၇၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**က/၇၂၂၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၂၅၄၄၄၅၉၉၆၊ ၀၉-၂၅၀၄၉၇၅၉၃**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈-လမ်း(အလယ်)၊ အမှတ်(၁၁၈)၊ မြေညီထပ်ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ပေခွဲ x ၄၀ ပေ)ရှိ ရေမီးအစုံတိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဦးလှကျော် [၁၂/ပဘတ(နိုင်)၀၁၅၅၁၄] TTE ၀၆၄၀၉၀ အမည်ဖြင့် ချထားပေးခြင်းဖြစ်ပြီး ဦးလှကျော်မှာ ကွယ်လွန်ပြီးဖြစ်ရာ ၎င်း၏ တရားဝင်အမွေဆက်ခံသူများမှ လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဆိုဝန်ခံလျက် ကာလပေါက်ဈေးနှင့်အညီ အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးတင်မောင်သိန်း(စဉ်-၅၃၃၈)** | **ဒေါ်ယဉ်ယဉ်အောင်(စဉ်-၁၀၃၈၃)** |
| **B.A,RL,D.B.L,D.I.L** | **LL.B,D.B.L,D.I.L,D.M.L** |

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း- ၀၉-၅၀၇၆၁၅၈၊ ၀၉-၄၃၀၆၄၆၄၇**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၊ မြေကွက်အမှတ်- ၈၂/ခ၊ မြေကွက်တည်နေရာ အမှတ်(၈၂/ခ) တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်တင်ကြည် (AD-၀၁၂၈၉၅) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန် အမည်ပေါက် ဒေါ်တင်ကြည်အား တရားပြိုင်ထား၍ တရားလို ဒေါ်ဝေလီခိုင်မှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ် တရားရုံးတရားမကြီးမှုအမှတ်- (၇၄/၂၀၂၄) စီရင်ချက်၊ တရားမဒီကရီမှု အမှတ် (၈/၂၀၂၅) အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း [၁၂/မရက (နိုင်)၀၄၇၆၁၆] မှ တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## သွေးသည် အသက်

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄ FG ၊ မြေကွက်အမှတ် (၁၁၈၄)၊ အကျယ်အဝန်း (၁၅၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ ခြောက်ထပ်တိုက် (တိုက်ခန်းတစ်ဆယ့်နှစ်ခန်း ပါဝင်သော) အဆောက်အအုံ (အခန်းလွတ်မရှိ)နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ဝင်း [၁၂/တမန(နိုင်)၀၉၃၆၀၅]ထံမှ ကျွန်ုပ်၏ အမှုသည်မှ ဝယ်ယူမည်ဖြစ်ပါသဖြင့် အဆိုပါမြေနှင့် အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်စုစီဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၇၉၈၈ (၈-၂-၂၀၂၂)**
**တိုက်(၄)၊ အခန်း(၈)၊ စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၅၀၀၆၃၀၂၉**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အင်္ဂပူလမ်း၊ တိုက်အမှတ်(၂၃) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏မြေညီထပ် (ခေါင်းရင်း)၊ အကျယ်အဝန်း(၁၂.၅x ၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး တရားဝင် ရောင်းချခွင့်ရှိသူ ဒေါ်မိမိကြီးက အပြီးတိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်မ ဒေါ်မေသူအောင်သည် တိုက်ခန်းအားအပိုင်ဝယ်ယူရန်ဖြစ်ပါ၍ တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်မေသူအောင်**
**[၁၄/ပသန(နိုင်)၀၀၄၇၈၈]**
**၀၉-၉၇၂၇၀၆၁၇၄**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များ လိုအပ်...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## တိုရီနိုအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး အီတလီစီးရီးအေဖလားရရှိရန် နာပိုလီအသင်း နီးစပ်လာ

နာပိုလီအသင်းနဲ့ တိုရီနိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေ ပွဲစဉ် ၃၄ မှာ နာပိုလီအသင်းက တိုရီနိုအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေဖလား ရရှိရန် နီးစပ်လာခဲ့ပြီ ဖြစ်ပါတယ်။

နာပိုလီအသင်းနဲ့ တိုရီနိုအသင်းတို့ ပွဲစဉ်မှာ နာပိုလီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးစလုံးကို ပထမပိုင်းပွဲကစားချိန် ခုနစ်မိနစ်နဲ့ ၄၁ မိနစ်တို့မှာ ကွင်းလယ်ကစားသမား အမ်တိုမီနေးက သွင်းယူခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နာပိုလီအသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား အမ်တိုမီနေးဟာ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်းက မန်ယူအသင်းကနေ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ နာပိုလီအသင်းနဲ့အတူ အီတလီစီးရီးအေ သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ◯



နာပိုလီအသင်းနှင့် တိုရီနိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ယနေ့ ဖတ်စရာ

**အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသား တစ်ဦးတို့အား ထပ်မံပြည်နှင် လွှဲပြောင်းပေးအပ်**

စာမျက်နှာ » ၁၅

**ပြောင်းလဲလျက်ရှိသော အသိုက်အဝန်းများအတွင်း ပြတိုက်များ၏အခန်းကဏ္ဍ**

ဆောင်းပါး စာမျက်နှာ » ၁၈

**လူငယ်များအတွက် ပညာရေးတွင် အသုံးဝင်သော ဉာဏ်ရည်တု နည်းပညာ**

စာမျက်နှာ » ၂၁

## FIFA-MFF ယူ-၁၅ လူငယ်လိဂ်(ရန်ကုန်ဇုန်) ပွဲစဉ် (၅) ပထမနေ့ ကျင်းပ



Mar Rein အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ရန်ကုန် မေ ၂၉

FIFA-MFF ယူ-၁၅ လူငယ်လိဂ် (ရန်ကုန်ဇုန်) ပွဲစဉ် (၅) ပထမနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ နှင့် ၂ တို့တွင် ကျင်းပသည်။

နံနက်ပိုင်းကျင်းပသည့်ပွဲများတွင် Mar Rein အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရပြီး Golden Light United အသင်းနှင့် ရန်ကုန်တောင်ဇလပ်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ညနေပိုင်း ကျင်းပသည့်ပွဲများတွင် ရှိုင်ရယ်ရန်ကုန်အသင်းက Burmese Youths အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✻

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစား

ရန်ကုန် မေ ၂၉

ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မေ ၂၉ ရက်က ထိုင်းကလပ် SWU Imane အသင်းနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ထိုင်းခြေစမ်းခရီးစဉ် ပထမပွဲတွင် ရလဒ်မကောင်းဘဲ လေးဂိုးပြတ် အရေးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မေ ၁ ရက်တွင် Thammasat Stallions အသင်း၊ မေ ၃ ရက်တွင် Black Pearl United အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်